ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ တနင်္လာနေ့ (15 - 4 - 2013) (၇၄၅၆)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်များ

၁၄-၄-၂၀၁၃

ချောက်	၄၅ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၄ ဒီဂရီစင်တီဂရိတ်
မန္တလေး	၄၄ ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၄ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄ ဒီဂရီစင်တီဂရိတ်
မကွေး	၄၄ ဒီဂရီစင်တီဂရိတ်

သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့် အနုပညာရှင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့(အတာသင်္ကြန်အကျနေ့)နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်။

ဂါရဝပြုကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်မြက်ခင်းပြင်ရှိ သမ္မတအိမ်တော်ဝင်းမိသားစု မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတရုံး မိသားစုများက အောင်စံပယ် ပန်းကုံးများဖြင့် ဂါရဝပြု ကြိုဆိုကြသည်။

အတာရေဖြင့် ပက်ဖျန်း

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က တက်ရောက်လာကြသူများနှင့် အနုပညာရှင်များအား အတာရေဖြင့်ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဒုတိယသမ္မတနှင့် ဇနီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်သို့ တက်ရောက်လာကြသူများနှင့် အနုပညာရှင်များအား အတာရေဖြင့် ပက်ဖျန်းကြစဉ် (အပေါ်ပုံ)နှင့် ယိမ်းအဖွဲ့ဝင်များက သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။ (ဝဲပုံ) (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ ၁၄-၄-၂၀၁၃

ကော့ကရိတ်	သုည ဒသမ ၈၃ လက်မ
ပူတာအို	သုည ဒသမ ၇၁ လက်မ
ကော့သောင်း	သုည ဒသမ ၇၁ လက်မ
မြိတ်	သုည ဒသမ ၅၂ လက်မ
မချမ်းဘော	သုည ဒသမ ၃၂ လက်မ

ကြေးမုံ စာတည်းရှုထောင့် ၁၅-၄-၂၀၁၃ [တနင်္လာနေ့]

ကြို၊ ကျ၊ တက်၊ ဆန်း

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့ (၁၄-၄-၂၀၁၃)ရက်၊ မြန်မာစံတော်ချိန် နံနက်စက် (၄) နာရီ၊ (၆) မိနစ်၊ (၂)စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ ယနေ့ တနင်္လာနေ့ (၁၅-၄-၂၀၁၃)ရက်တွင် မဟာသင်္ကြန်ကြတ်ပေသည်။

မနက်ဖြန် တန်ခူးလဆန်း ၆ ရက်၊ အင်္ဂါနေ့ (၁၆-၄-၂၀၁၃) ရက်၊ မြန်မာစံတော်ချိန် နံနက်စက် (၈)နာရီ၊ (၁၀)မိနစ်၊ (၄၄)စက္ကန့်အချိန်တွင် အတာတက်မည်ဖြစ်သည်။ ထို့နောက် မြန်မာနှစ်ဆန်း မြန်မာ့နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသွားမည်ဖြစ်သည်။

မြန်မာတို့၏ အတာသင်္ကြန် မဟာရေသဘင်ပွဲတော်ကြီးသည် (သာမျှင်ညာ့ ကျ) သာမည ကျသော ပွဲတော်ကြီးမဟုတ်၊ အထူးဝိဂြိုဟ်ပြုထားသောပွဲတော်ကြီးဖြစ်သည်ကို ညွှန်းဆိုပြထားပါသည်။ သာမန်ကာလျှံကာ ပျော်ရွှင်ရုံသက်သက် ရေကစားပွဲလည်းမဟုတ်ပါချေ။

နက္ခတ်ဗေဒပညာရှင်များဖြင့် ဖွဲ့စည်းထားသော ပြက္ခဒိန်အကြံပေးအဖွဲ့က စုပေါင်းတွက်ချက်၍ နှစ်တစ်နှစ်၏ ပြက္ခဒိန်သစ်ကို စက်မတင်မီလပေါင်းများစွာ ကြိုတင်တွက်ချက် တင်ပြထားကြခြင်းကို သင်္ကြန်စာဇာတာခွင်အရ သိမြင်နိုင်မည်ဖြစ်ပါသည်။

အဆိုပါ ဇာတာခွင်အရ နိုင်ငံတော်အစိုးရ ပြန်တမ်းတွင် ရေသဘင်ပွဲ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်တို့ကို ကြေညာပြီးသကာလ မြန်မာတို့၏ နှစ်သစ်ကူးရိုးရာအတာသင်္ကြန် ရေသဘင်ပွဲတော်ကို ဆင်နွှဲကြခြင်း ဖြစ်ပေသည်။

အမှန်တကယ်တွင် ယခုနှစ်၌ ဧပြီလ ၁၄ ရက်နေ့တွင် သင်္ကြန်ပွဲတော်စတင်သည်မှန်သော်လည်း ပွဲတော်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ဧပြီလ ၁၃ ရက်နေ့ကို အကြိုနေ့အဖြစ် သတ်မှတ်ထားသဖြင့် စောစောစီးစီးပင် ရေသဘင်ပွဲဆင်နွှဲကြလေသည်။

ထို့ပြင် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ နယ်မြေဒေသအလိုက် သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်စသည်ဖြင့် ပွဲတော်ကျင်းပရက် မတူညီဘဲ ပုံစံအမျိုးမျိုး ဆင်နွှဲပုံအသွင် အဖုံဖုံဖြင့် ပျော်ရွှင်တက်ကြွသည့်ဓလေ့ကိုမူ အပြစ်ဆိုဖွယ်ရာမရှိပါ။

သို့ရာတွင်မူ အပျော်အလွန်အကျွံမဖြစ်စေဘဲ နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် ပျော်ပျော်ပါးပါး ဆော့ကစားကြဖို့သာဖြစ်သည်။ လက်ရှိတွင် တရားဝင်ကျင်းပသည့် သင်္ကြန်ပွဲတော်ကာလ သုံးရက်တိုင် ရှိပြီဖြစ်သော်လည်း မူလက စိုးရိမ်ထိတ်လန့်ခဲ့ရသည့် ကြမ်းတမ်းသော အပြုအမူများကို မမြင်တွေ့ရသဖြင့် များစွာဝမ်းမြောက်ပီတိဖြစ်ရပေသည်။

မြန်မာတို့၏ အတာသင်္ကြန်ရေသဘင်ပွဲတော် သို့မဟုတ် နှစ်သစ်ကူးပွဲတော်သည် ဘာသာရေးနှင့် တိုက်ရိုက်ဆက်နွှယ်သော ပွဲတော်မဟုတ်သော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဘာသာတရားတို့ကိုအခြေပြုပေသည်။ ထို့ကြောင့် အများစုက ပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲကြသလို ကုသိုလ်ကောင်းမှုပြုကြသူများလည်း များလှပေသည်။

မည်သို့ပင်ဖြစ်စေ နှစ်သစ်ကို ပျော်ရွှင်စွာကူးသန်းနိုင်ကြသကဲ့သို့ နှစ်သစ်ကို ကောင်းမှုကုသိုလ်ထူးများဖြင့် ကူးသန်းရောက်ရှိနိုင်ကြခြင်းတို့မှာ မြန်မာတို့၏ ကောင်းသောယဉ်ကျေးမှု ဓလေ့အစဉ်အလာများဟု ဆိုရမည်သာဖြစ်သည်။

ကမ္ဘာပေါ်တွင် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသောပွဲတော်များစွာရှိသည့်အနက် ပြက္ခဒိန်ပေါ်မှ နှစ်သစ်ကို ကြိုဆိုသောပွဲတော်နှစ်ခုဖြစ်သည့် ခရစ်နှစ်ကူးပြောင်းမှုကို ရည်ညွှန်းသော ခရစ္စမတ် (နာတာလူး)ပွဲတော်နှင့် မြန်မာနှစ်ကူးပြောင်းမှုကို ညွှန်းဆိုသော နှစ်သစ်ကူးရေသဘင်ပွဲတော်တို့သည် အထင်ရှားဆုံးဖြစ်သည်။

ထို့ကြောင့် မြန်မာတို့၏ ရေသဘင်ပွဲတော်အနေဖြင့် ကြို၊ ကျ၊ တက်၊ ဆန်းတို့ကို စနစ်တကျတွက်ချက် ကူးပြောင်းထားခြင်းဖြစ်ရာ သာမည မဟုတ်သည့် ပွဲတော်အဖြစ် အလေးအမြတ်ပြုကြဖို့ အသိပေးနှိုးဆော်အပ်ပါသည်။ ॥

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများသို့ လူနာတင်ယာဉ်ငါးစီး လှူဒါန်း

နေပြည်တော် ဧပြီ ၁၄

ဧရာဝတီယူနိုက်တက်ဖောင်ဒေးရှင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများသို့ လူနာတင်မော်တော်ယာဉ်ငါးစီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ဧရာဝတီယူနိုက်တက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဇော်ဇော်က လူနာတင်ယာဉ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အလှူရှင်များက လှူဒါန်းသည့် လူနာတင်ယာဉ် ငါးစီးနှင့် လူနာတင်ယာဉ် ရေရှည်တည်တံ့ရေးအတွက် မတည်ငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရိုးရာမပျက်ဆင်နွှဲ စဉ့်ကိုင်သက်ကြီးပူဇော်ပွဲ

စဉ့်ကိုင် ဧပြီ ၁၄

မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့တစ်ခုဖြစ်သော နှစ်သစ်ကူးချိန်တွင် သက်ကြီးရွယ်အိုများနှင့် အဘိုးအဘွားများအား ပူဇော်ကန်တော့ကြရာ ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ ကျင်းပခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သည် သက်ကြီးရွယ်အို ၄၁ ဦး၊ အသက် (၉၀) ကျော် ၄၀ နှင့် အသက်(၁၀၂)နှစ်ရှိပြီဖြစ်သော အမေပု**(ဝဲပုံ)**တို့ကို တဘက်၊ ပုဆိုး၊ လုံချည်၊ အင်္ကျီများနှင့် ဆေးဝါးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ဆပ်ပြာနှင့် ကိုယ်ဝန်ဆောင်မိခင်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ကြသည်။

(ထွန်းထွန်းနိုင်)

ကလေးမြို့၌ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်

ကလေး ဧပြီ ၁၄

၁၃၇၄ ခုနှစ် ကလေးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါဗဟိုမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပညာရေးနှင့် ရပ်ကွက်ယိမ်းအကအဖွဲ့များမှ မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြကာ ကြွရောက်လာကြသော ဧည့်သည်တော်များမှ အတာရေပက်ဖျန်းကြပြီး Brother တေးဂီတအဖွဲ့မှ ခေတ်ပေါ်တေးသီချင်းများနှင့် ယိမ်းအကအဖွဲ့များမှ ယိမ်းအကများဖြင့် ဆက်လက်ဖျော်ဖြေကြကြောင်း သိရသည်။**(ဝဲပုံ)** **(ဂျူနိုင်း)**

ဘာသာသာသနာထုံမွှမ်းမည့် ဖြူးမြို့ ရိုးရာမဟာသင်္ကြန်

ဖြူး ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် ယခင်နှစ်များကဲ့သို့ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် သက်ဆိုင်ရာမှ သင်္ကြန်ရေကစားမဏ္ဍပ်များဆောက်လုပ်ခြင်း မပြုတော့ဘဲ ယခုနှစ်မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် မြို့ပေါ်ရှိ လူငယ်လူရွယ်များအနေဖြင့် မိမိတို့အစီအစဉ်အတိုင်း ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားကြမည်ဖြစ်သည်။

ယခုနှစ်သင်္ကြန်တွင် ဝိပဿနာတရားစခန်းများကို ဖြူးမြို့အမှတ် (၁၂၇) မိုးကုတ်တရားစခန်း၊ လေသာကျောင်းတိုက် မိုးကုတ်တရားစခန်း၊ ပင်စင်လမ်း မဟာစည် တရားစခန်းနှင့် ကျွန်းကုန်းဘုန်းတော်ကြီးကျောင်းများတွင် တရားစခန်းများဖွင့်လှစ်ကာ အမျိုးသား အမျိုးသမီးများ တရားစခန်းဝင်ကာ ကုသိုလ်ယူကြမည်ဖြစ်သည်။

မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ပင့်သံဃာ ကိုးပါးတို့အား ဆွမ်းခဲဖွယ်နှင့် လှူဖွယ်များဆက်ကပ်လှူဒါန်းပြီး ပရိတ်တရားများနာယူ၍ မြို့ပေါ်ရပ်ကွက်များမှ အသက်(၈၀)ပြည့်သက်ကြီး ၅၅ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ နှစ်ဆန်း ၁ ရက်နေ့တွင်လည်း ဖြူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ အသက်(၇၅)နှစ် အထက်လူမျိုးဘာသာမရွေး အဘိုးအဘွား ၇၀ ကျော်တို့အား မြို့မဓမ္မာရုံ၌ လှူဒါန်းပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ယခုနှစ်သင်္ကြန်သည် ဖြူးမြို့အတွက် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုထုံမွှမ်းသည့် နှစ်တစ်နှစ်ဖြစ်သည်ဟု သက်ကြီးရွယ်အိုအဘိုးအဘွားများက ပြောဆိုနေကြကြောင်း သိရသည်။ **(ဖြူး-မြင့်ဦး)**

ဥတုရာသီ တောကိုမှီ၏

☆ သမ္မတအိမ်တော်မှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မိသားစုများနှင့်အတူ ခါသကြန်အဆို အကများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေကစားမဏ္ဍပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ ယိမ်းအဖွဲ့ဝင်များနှင့် တေးသံရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ခါသကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ခါသကြန်အဆိုအကများဖြင့် ဖျော်ဖြေကြသည့် ရုပ်ရှင်အမေများအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့် မြန်မာ့ရိုးရာမဟာသကြန် ရေသဘင်ပွဲတော်အား အတူတကွဆင်နွှဲကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဒုတိယသမ္မတနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးတို့က သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန်ရေသဘင်ပွဲတော်၌ တက်ရောက်လာသူများအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြန် ရေသဘင်ပွဲတော်၌ တက်ရောက်လာသူများအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာမဟာသကြန်အတာသဘင်ပွဲ ပျဉ်းမနားမြို့တွင် ပျော်ရွှင်မြူးထူးစွာ စုပေါင်းဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

မဟာသကြန်အကျနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှိ ရပ်ကွက်များ၌ သကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်ယင်နွှဲပျော်လိုကြသော သကြန်ချစ်သူ လူငယ်လူရွယ်များ၊ ကလေးသူငယ်များဖြင့် လှုပ်ရှားတက်ကြွစွာသက်ဝင်စည်ကားလျက်ရှိခဲ့သည်။

ရွှေချို၊ ပေါင်းလောင်း၊ ပန်းခင်း၊ ကုန်းမြင့်၊ ရန်အောင်စသည့် ရပ်ကွက်များတွင် အိမ်ရှေ့၊ ခြံရှေ့လမ်းမပေါ်၌ ရေစည်ပိုင်းများ၊ ရေတိုင်ကီများချကာ ရေပိုက်၊ ရေခွက်များဖြင့် ကလေးငယ်များ အစုအဖွဲ့လိုက် ပျော်ရွှင်မြူးထူးစွာ ရေကစားနေကြသည့် ချစ်စဖွယ်မြင်ကွင်းများကို တွေ့မြင်ခဲ့ရသည်။ လာသမျှ ရေပက်ခံကားများ၊ မော်တော်ဆိုင်ကယ်များကို လက်ပြတားကာ ရေပက်ကစားကြရာ ကားများ၊ ဆိုင်ကယ်များကလည်း နားလည်မှုရှိစွာ အရှိန်လျှော့ချမောင်းနှင်၍ ရေပက်ခံကြသည့်မြင်ကွင်းမှာလည်း အပြန်အလှန်သဟဇာတညီမျှသော ချစ်ကြည်ရင်းနှီးမှုသရုပ်ကို ဖော်ကျူးလှစ်ဟပြနေသည့် မြန်မာ့ရိုးရာ မဟာသကြန်၏ သရုပ်မှန်တစ်ခုအဖြစ် တွေ့မြင်ခဲ့ရသည်။

"သကြန်ကို အလွန်ချစ်ပါတယ်။ ကျွန်တော်တို့လူမျိုးတွေအတွက်တော့ သကြန်ပွဲတော်ဆိုတာ အထိမ်းအမှတ်တစ်ခုဖြစ်သလို လူငယ်တွေအတွက်ဆိုရင်လည်း ဘယ်တော့မှရိုးသွားမှာမဟုတ်တဲ့ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပါတယ်။ သကြန်ရောက်တိုင်း အလွန်ပျော်ပါတယ်"ဟု ပျဉ်းမနားဗိုလ်ချုပ်လမ်းပေါ်တွင် တည်ဆောက်ထားသည့် Summer Story ရေကစားမဏ္ဍပ်၌ ရေကစားနေသည့်ကိုဟန်ကြီးက သူ၏စိတ်ခံစားချက်ကို ဖွင့်ဟပြသည်။

လူငယ်များအကြိုက် အနောက်တိုင်းတေးဂီတ တီးလုံးများ၊ မြန်မာ့ရိုးရာသကြန်ရနံ့ဖုံးလွှမ်းသည့် သကြန်သီချင်းသံများအောက်ဝယ် ရေကစားနေသည့် မဏ္ဍပ်ပေါ်မှ လူငယ်မောင်မယ်များနှင့် မဏ္ဍပ်အောက်၌ စုဖွဲ့ကာစည်းချက်ညီညီ ပျော်ရွှင်စွာကခုန်နေကြသည့် လူငယ်များ၏ပုံစံက အတာသကြန်အကျနေ့ကို ပီတိကျက်သရေတင့်ရွှန်းဖြာဝေနေစေသည်။ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်တောက်ထိန်လမ်းမများထက်တွင် ရေပက်ခံကားများ၊ ဆိုင်ကယ်များသည်ကား တောင်မှမြောက်၊ အရှေ့မှအနောက် ဥဒဟိုသွားလာ၍ သက်ဝင်လှုပ်ရှားစည်ကားနေသည်။ အချို့သည်လည်း နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များသို့ တူရူဦးတည်ကာ ထွက်ခွာသွားနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

ရေပက်ခံကားများနှင့် ရေကစားကြသူများရှိရာ မဏ္ဍပ်များတစ်လျှောက်ရှိလမ်းပေါ်တွင် ရာသီပေါ်ဈေးသည်များ နေရာမလပ်ရှိနေသကဲ့သို့ ရေကစားသူများကလည်း မပြတ်ဝယ်ယူစားသုံးနေသည်ကို သကြန်ပြယုဂ်တစ်ခုအဖြစ် မြင်တွေ့ခဲ့ရသည်။

အချို့မဏ္ဍပ်များတွင် ရေဝယ်ယူသုံးစွဲ၍ ကစားကြသည်ကိုလည်း မှတ်မှတ်ရရတွေ့ခဲ့ရသည်။ တစ်ခါတစ်ရံ ရေကစားနေစဉ်အတွင်း ရေပြတ်လပ်မှုနှင့် ကြုံပါက နောက်ထပ်မှာယူထားသော ရေသယ်ပို့ယာဉ် ရောက်မလာသေးသည့် အခါ၌ စိတ်ရှည် လက်ရှည်စောင့်ဆိုင်းနေကြသကဲ့သို့ ရေသယ်ယာဉ်ရောက်လာချိန်တွင်လည်း ဝမ်းမြောက်ရွှင်လန်းစွာ အော်ဟစ်ကြိုဆို၍ အတာသကြန်ပွဲတော်ကို ဆက်လက်ဆင်နွှဲကြသည်ကိုလည်း သကြန်မြင်ကွင်းတွင် မှတ်တမ်းတင်ခဲ့မိသည်။

"ဒီနှစ်က ပျဉ်းမနားမှာ ခါတိုင်းနှစ်တွေလောက် သိပ်မစည်ဘူးဗျ၊ အဓိကကတော့ Sponser မရှိတာပေါ့။ ကျွန်တော်တို့ဆိုလည်း ခါတိုင်းနှစ်တွေက Sponser ရှိပေမယ့် ဒီနှစ်မှာတော့ မရှိဘူး။ ဒါပေမယ့်လည်း တစ်နှစ်မှာ တစ်ခါပဲဆိုတော့ Sponser မရှိလည်း အကောင်းဆုံးဖြစ်အောင် ကိုယ့်အင်အားလေးနဲ့ ကိုယ်ဖြစ်အောင် ကြိုးစားရတာပေါ့ဗျာ"ဟု ရေကစားမဏ္ဍပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုအောင်ခိုင်ထွန်းက ရှင်းပြသည်။

မဏ္ဍပ်ကြီးများနည်းပါးသော်လည်း အုန်းလက်ထိုးမဏ္ဍပ်ငယ်လေးများ စုဖွဲ့ကာပျော်ရွှင်စွာ ရေပက်ကစားကြသည့် ပျဉ်းမနားမြို့ သကြန်အကျနေ့ မြင်ကွင်းကို ကျွန်တော်ပုံပေါ်အောင်တော့ မဖော်တတ်တော့ပါပြီ။ သူ့အတိုင်းအတာနှင့်သူ အထိုက်အလျောက်တော့စည်ကားသည်က အမှန်ပင်ဖြစ်ပါသည်။

(အောင်နိုင်)

ညောင်ဦးခရိုင်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

ညောင်ဦး ဧပြီ ၁၄

ညောင်ဦးခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် တန်ခူးလဆန်း ၃ ရက် (အကြိုနေ့) ဧပြီ ၁၃ ရက်က အဆိုပါ မဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်စိုး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တေးသံရှင် စိုးစန္ဒာထွန်းက မန်းတောင်ရိပ်ခို သီချင်းသီဆိုကာ ယိမ်းအလှပျိုဖြူများက ကပြဖျော်ဖြေ၍ **(အောက်ပုံ)** ကြွရောက်လာသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သပြေခက်နှင့် ရေပက် ကစားကြသည်။ ဆက်လက်၍ မြူမှောင်ဝေကင်းသီချင်းဖြင့် Tiger Dance Group အဖွဲ့၊ ပုဂံအက၊ ဆင်အက၊ ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး တေးသံရှင် စိုးစန္ဒာထွန်းက ရွှင်လန်းချမ်းမြေ့ပါစေသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါမဏ္ဍပ်တွင် သကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် သံချပ်အဖွဲ့များ၊ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်သီဆိုကပြကြမည်ဖြစ်ပြီး ရွက်နုတေးဂီတ ဗဟိုမဏ္ဍပ်ဧည့်ခံဖျော်ဖြေရေး အဖွဲ့ကလည်း ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ဆုရသံချပ်အဖွဲ့နှင့် ယိမ်းအဖွဲ့များကို သကြန်အတက်နေ့ညတွင် ဆုများအသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုကျိုသို့ ရောက်ရှိ ကေဆောင်စက်မှုဇုန်အရေးဆွေးနွေးရန် မြောက်ကိုရီးယားပယ်ချ

တိုကျို ဧပြီ ၁၄

ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားဆိုင်ရာ တင်းမာမှုများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဧပြီ ၁၄ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသည်။

ကယ်ရီသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါအား မြို့တော်တိုကျို၌ တွေ့ဆုံမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက ဒုံးပျံတစ်စင်းကို ပစ်လွှတ်မည်ဟု မျှော်လင့်ရသဖြင့် မြို့တော်တိုကျိုအနီးတစ်ဝိုက်တွင် ပက်ထရီယော့အမျိုးအစား ဒုံးကျည်များကို ဖြန့်ကြက်ထားသည်။

နိုင်ငံတကာအသိုက်အဝန်း၏ တိုက်တွန်းဖျောင်းဖျမှုများကို မြောက်ကိုရီးယားနိုင်ငံက လက်ခံလာစေရေးအတွက် အမေရိကန်နှင့် ဂျပန်သံတမန်များက ကြိုးပမ်းလျက်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အီဇူနိုရီအိုနိုဒါရာက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားနှင့် ဒုံးလက်နက်ထုတ်လုပ်ရေး အစီအစဉ်များကို စွန့်လွှတ်ရန် နိုင်ငံတကာအသိုက်အဝန်းက ယင်းနိုင်ငံကို အလေးအနက်တိုက်တွန်းရန်လိုအပ်ကြောင်း အိုနိုဒါရာကပြောကြားသည်။

ထိုစဉ်အတွင်း ကိုရီးယားနှစ်နိုင်ငံနယ်စပ်ဒေသရှိ ကေဆောင်ပူးတွဲစက်မှုဇုန်၏ အနာဂတ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြရန် တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလှမ်းချက်ကို မြောက်ကိုရီးယားနိုင်ငံက ဧပြီ ၁၄ ရက်တွင် ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကိုရီးယားကျွန်းဆွယ်၌ စစ်ရေးဆိုင်ရာတင်းမာမှုများ မြင့်တက်လာချိန်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ ကေဆောင်စက်မှုဇုန်ရှိ လုပ်ငန်းများကို ဆိုင်းငံ့ထားခဲ့ပြီး အလုပ်သမားများကို ပြန်လည်ခေါ်ယူရန် မြောက်ကိုရီးယားနိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။

ကေဆောင်ပူးတွဲစက်မှုဇုန်သည် ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ရှားရှားပါးပါး ပြယုဂ်တစ်ရပ်ဖြစ်သည်။ ယင်းစက်မှုဇုန်သည် မြောက်ကိုရီးယားနိုင်ငံအတွက် နိုင်ငံခြားငွေရရှိရေးအတွက် အဓိကအရင်းအမြစ်တစ်ရပ်ဖြစ်သည်။ **စီအင်န်အေ။**

ကိုရီးယားနယ်စပ်ဒေသရှိ ကေဆောင် ပူးတွဲစက်မှုဇုန်ကို တွေ့ရစဉ်။

ရွေးကောက်ပွဲအကြိုကာလတွင် ဟူဂိုချာဗက်ဇ် ထောက်ခံသူများအား တွေ့ရစဉ်။

ဟူဂိုချာဗက်ဇ်အားဆက်ခံမည့်သူ ရွေးချယ်ရန် ဗင်နီဇွဲလား၌ အထူးရွေးကောက်ပွဲကျင်းပ

ကာရာကာ့စ် ဧပြီ ၁၄

ဗင်နီဇွဲလားနိုင်ငံ၌ ကွယ်လွန်သူ ဟူဂိုချာဗက်ဇ်၏ သမ္မတရာထူးနေရာကို ဆက်ခံမည့်ပုဂ္ဂိုလ်တစ်ဦးအား ရွေးချယ်တင်မြှောက်နိုင်ရန် ဧပြီ ၁၄ ရက်တွင် အထူးရွေးကောက်ပွဲကို ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယှဉ်ပြိုင်

ယာယီသမ္မတ နီကိုလပ်စ်မာဒူရိုသည် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ အထူးရွေးကောက်ပွဲ၌ အတိုက်အခံသမ္မတလောင်းအဖြစ် ဟင်နရီကာပရီလက်စ်ပါဝင်ယှဉ်ပြိုင်သည်။ ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးပြဿနာများ၊ စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရာဇဝတ်မှုခင်းများထူပြောနေသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် ယာယီသမ္မတ မာဒူရိုနှင့် ချာဗက်ဇ်အစိုးရအဖွဲ့တို့က လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိကြောင်း ကာပရီလက်စ်က စွပ်စွဲပြောကြားခဲ့သည်။

အထောက်အပံ့ပေး

သမ္မတ ဟူဂိုချာဗက်ဇ်ဖော်ဆောင်ခဲ့သော တော်လှန်ရေးကို မိမိဆက်လက် အကောင်အထည်ဖော်မည်ဟု မာဒူရိုက ပြောကြားသည်။ ချာဗက်ဇ်၏တော်လှန်ရေးမှာ နိုင်ငံတော်၏ ရေနံသယံဇာတများအား ထုတ်ယူရောင်းချခြင်းမှ ရရှိသောဝင်ငွေကို အသုံးပြု၍ ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အထောက်အပံ့များ ပေးရန်ဖြစ်သည်။

ကွယ်လွန်

ဟူဂိုချာဗက်ဇ်သည် နှစ်နှစ်ကြာမျှ ကင်ဆာရောဂါဝေဒနာကို ခံစားခဲ့ရပြီးနောက် လွန်ခဲ့သည့်လက ကွယ်လွန်ခဲ့သည်။ ချာဗက်ဇ်သည် ဆိုရှယ်လစ်ဝါဒီတစ်ဦးဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ပထမဆုံးသော ရွေးချယ်တင်မြှောက်ခံသမ္မတတစ်ဦး ဖြစ်ခဲ့သည်။ **ရိုက်တာ။**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ လူကိုးဦး သေဆုံး၊ ကိုးဦး ဒဏ်ရာရရှိ

အစ္စလာမ္မာဘတ် ဧပြီ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီးအား ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲရာ ကိုးဦးထက်မနည်းသေဆုံး၍ ကိုးဦး ဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ဧပြီ ၁၄ ရက်တွင် ပြောကြားသည်။

ခိုင်ဘာပက်ထန်ခဝါပြည်နယ် မြို့တော်ပက်ရှ်ဝါ ဆင်ခြေဖုံးရှိ မက်တာနီဒေသ ဈေးတစ်ဈေးတွင် ခရီးသည်တင်ဘတ်စ်ကား ဖြတ်သန်းသွားစဉ် ဗုံးတစ်လုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် ပက်ရှ်ဝါမြို့မှ ကိုဟက်တ်ခရိုင်သို့ သွားရာလမ်းကြောင်းတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ခရီးသည်အများစုမှာ ဒေသခံအစိုးရထောက်ခံသော ပြည်သူ့စစ်များဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဗုံးကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ သုံးကီလိုဂရမ်မှ ငါးကီလိုဂရမ် အလေးချိန်ရှိ ဖောက်ခွဲရေးပစ္စည်းကို အသုံးပြုကာ ဖောက်ခွဲခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူအများမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြကြောင်း၊ နီးစပ်ရာဆေးရုံများသို့ လျင်မြန်စွာ တင်ပို့ပေးလိုက်ရကြောင်း၊ အချို့မှာ သေလုမျောပါးဖြစ်နေကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် ကားအချို့နှင့် ဈေးဆိုင်အချို့ပျက်စီးကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း ပြောကြားသည်။ **ဆင်ဟွာ။**

ရုရှားနိုင်ငံသို့ ဝင်ခွင့်မရှိသော အမေရိကန်အရာရှိများ စာရင်းထုတ်ပြန်

မော်စကို ဧပြီ ၁၄

ရုရှားနိုင်ငံက ၎င်း၏နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းမှ တားမြစ်သည့် အမေရိကန်အရာရှိ ၁၈ ဦး၏ အမည်စာရင်းကို ထုတ်ပြန်လိုက်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ၎င်း၏နိုင်ငံအတွင်း ဝင်ခွင့်မရှိသည့် အလားတူရုရှားအရာရှိစာရင်းကို သောကြာနေ့၌ ထုတ်ပြန်ခဲ့ခြင်းအား ရုရှားက တုံ့ပြန်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသော စာရင်း၌ ကြမ်းတမ်းသည့် စစ်ဆေးမေးမြန်းနည်းများကို ထောက်ခံသော အစိုးရ အရာရှိနှစ်ဦးနှင့် ဂွါတာနာမိုပင်လယ်အော် အကျဉ်းစခန်းမှ တပ်မှူးဟောင်းနှစ်ဦးတို့ ပါဝင်ကြသည်။

ဒုတိယသမ္မတဟောင်း ဒစ်ချေနီ၏ ရုံးအဖွဲ့အကြီးအကဲ ဒေးဗစ်အက်ဒင်တန်သည်လည်း ယင်းစာရင်းတွင် ပါဝင်သည်။ အခြားပုဂ္ဂိုလ်များမှာ ပင်လယ်ရပ်ခြားရှိ ရုရှားနိုင်ငံသားများ၏ အခွင့်အရေးကို ချိုးဖောက်ကြသူများဖြစ်သည်ဟု ဆိုသည်။ **ဘီဘီစီ။**

ပီရူးနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကား မတော်တဆမှုဖြစ်၊ လူ ၃၃ ဦးသေဆုံး

လီမာ ဧပြီ ၁၄

ပီရူးနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ကာ လျှိုတစ်ခုအတွင်းထိုးကျသွားရာ လူ ၃၀ကျော် သေဆုံးကြောင်း ဧပြီ ၁၄ ရက် သတင်းတွင်ဖော်ပြသည်။

ဧပြီ ၁၃ ရက်က ပီရူးနိုင်ငံမြို့တော် လီမာမြောက်ဘက်မှ မိုင် ၃၅၀ ခန့်ကွာဝေးသော အိုတပ်ဇ်ကိုမြို့အနီးရှိ တောင်တက်လမ်းတစ်ခုတွင် ချော်ကာ လျှိုတစ်ခုအတွင်း ကျသွားကြောင်း၊ ၃၂ ဦး ပွဲချင်းပြီး သေဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းဒေသရှိလမ်းများမှာ အကွေ့အကောက်များပြီး အန္တရာယ်ရှိသဖြင့် မတော်တဆမှုများဖြစ်ကာ လူသေဆုံးမှုများဖြစ်ပေါ်လေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားမတော်တဆမဖြစ်မီ ယာဉ်မောင်းမှာ အိပ်ငိုက်နေကြောင်း ဒေသခံမျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ စာသင်ကျောင်း တစ်ကျောင်းကို တွေ့ရစဉ်။

ဩစတြေးလျ၌ စာသင်ကျောင်းများကို ရန်ပုံငွေတိုးမြှင့်ထောက်ပံ့မည်

ဆစ်ဒနီ ဧပြီ ၁၄

ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်သည့်ကာလအတွင်း ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်အရ ဩစတြေးလျနိုင်ငံရှိ စာသင်ကျောင်းများအတွက် ဩစတြေးလျဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံ) ရန်ပုံငွေတိုးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဧပြီ ၁၄ ရက်၌ ထုတ်ပြန်ကြေညာသည်။

ဩစတြေးလျနိုင်ငံရှိ စာသင်ကျောင်းများကို ကမ္ဘာပေါ်ရှိ အကောင်းဆုံးသော စာသင်ကျောင်းများစာရင်းတွင် ပါဝင်လာစေရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်မည့် ခြောက်နှစ်တာကာလတွင် ရန်ပုံငွေတိုးမြှင့်ထောက်ပံ့ပေးရန် အစိုးရအဖွဲ့က အဆိုပြုလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်မီ ပညာရေးစနစ်သည် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းစေရန် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျူလီယာဂီးလတ်ကပြောကြားသည်။

လုပ်ခလစာ ကောင်းမွန်စွာရရှိနိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသူများဖြစ်လာစေရန် ပညာရေးကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်လိုအပ်ကြောင်း ဂီးလတ်ကပြောကြားသည်။ ၎င်းသည် ပညာရေးဝန်ကြီးဟောင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

ပတ်ဝန်းကျင်ကမ္ဘာ နိုင်ငံတကာသတင်းအတိုအထွာ

ပါလက်စတိုင်းဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

ပါလက်စတိုင်းဝန်ကြီးချုပ် ဆလမ်းဖေးရက်ဒ်သည် မေ ၁၃ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ဝန်ကြီးချုပ်ဖေးရက်ဒ်တို့ မေ ၁၃ ရက်က တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြီးနောက် မာမွတ်အဘတ်စ်က နုတ်ထွက်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။ ဖေးရက်ဒ် နုတ်ထွက်မှုနှင့် ပတ်သက်၍ မာမွတ်အဘတ်စ်က မိမိအနေဖြင့် ၎င်းအားမိမိနှင့် ဆက်လက်လက်တွဲလုပ်ကိုင်ရန် တောင်းဆိုခဲ့ကြောင်း၊ သို့သော်၎င်းက လက်ခံခဲ့ခြင်းမရှိကြောင်း၊ ၎င်းလုပ်ဆောင်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

\-

ကင်ဆာ ဟန်ဆောင်ပြီးငွေတောင်းသူအမျိုးသမီး တရားစွဲခံရ

ကင်ဆာဝေဒနာပေါင်းစုံကုသရန်ဟုဆိုကာ မိသားစုနှင့်အခြားစီးပွားရေးလုပ်ငန်းရှင်များထံမှ ဒေါ်လာငွေ ထောင်ပေါင်းများစွာကို လိမ်လည်လှည့်ဖြား တောင်းခံခဲ့သူ နယူးယောက်မြို့တွင်နေထိုင်သည့် အမျိုးသမီးတစ်ဦးအား ရှေ့နေတစ်ဦးက မေ ၁၃ ရက်တွင် တရားစွဲဆိုခဲ့ကြောင်း သိရသည်။ ဘရစ်တနီ အိုဇာရိုစကီးအမည်ရှိ အသက် (၂၁)နှစ်အရွယ် အဆိုပါအမျိုးသမီးက သူမတွင် အရိုးကင်ဆာ၊ ဦးနှောက် ကင်ဆာ၊ သားအိမ်ကင်ဆာ၊ အစာအိမ်ကင်ဆာနှင့် လည်ချောင်း ကင်ဆာများဖြစ်ပွားနေပြီး ကုသမှုစရိတ်အဖြစ် တစ်ရက်လျှင် ဒေါ်လာ ၃၃၀၀၀ လိုအပ်ကြောင်းကို ဝက်ဘ်ဆိုက်တစ်ခုတွင် ရေးသား၍ ငွေတောင်းခံမှုပြုလုပ်ခဲ့ပြီး ရရှိလာသည့်ငွေများကို မူးယစ်ဆေးဝါးသုံးစွဲခဲ့၍ တရားစွဲဆိုရခြင်းဖြစ်ကြောင်း ဆက်ဖော့စီရင်စုရှိ ခရိုင်ရှေ့နေရုံးမှ ရှေ့နေတစ်ဦးဖြစ်သူ သောမတ်စ်စပေါ့တာက မေ ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

\-

ကမ္ဘာ့အကြီးမားဆုံး ပေါ်တိုရီကိုလိပ်များ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာဥပဒေသစ်

ကမ္ဘာ့အကြီးဆုံးလိပ်များအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော သားရေလိပ်ဟု ခေါ်တွင်သည့် ကျောတွင်သားရေကဲ့သို့ ပျော့ပျောင်းသော အခွံပါရှိသည့် ပေါ်တိုရီကိုကမ်းခြေရှိ အဆိုပါလိပ်များ နေထိုင်ကျက်စားဒေသတွင် အဆောက်အအုံ၊ ကစားကွင်း၊ အပန်းဖြေဥယျာဉ် စသည်တို့ကို ဆောက်လုပ်ခြင်းကို တားမြစ်ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။ အကြောင်းမှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက အဆိုပါလိပ်များ ကျက်စားရာ ဒေသမှ သဲများကို မြေတူးယာဉ်ဖြင့် တူးယူမှုကြောင့် လိပ်ဥ ထောင်နှင့်ချီ၍ ပျက်စီးခဲ့သဖြင့် အဆိုပါလိပ်များ မျိုးသုဉ်းမှုဘေးမှ ကာကွယ်ရန် ရည်ရွယ်ကြောင်း သိရသည်။ ယင်းလိပ်များသည် အလေးချိန် ၆၀၀ ကီလိုဂရမ်ခန့် ရှိပြီး အရှည် ၆ ပေ ၇ လက်မ (နှစ်မီတာ)ခန့်ရှိကာ ပေါ်တိုရီကိုကမ်းခြေများတွင် အဓိကနေထိုင်ကျက်စားကြသည်ဆို၏။

\-

လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည် အရေအတွက် ၄၁၆၀၀၀ ကျော်ရှိလာ

ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွင်း လက်ဘနွန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံလာသည့် ဆီးရီးယားဒုက္ခသည်အရေအတွက်မှာ ၁၄၀၀၀ ခန့်ရှိပြီး ယင်းနိုင်ငံအတွင်းသို့ လာရောက်ခိုလှုံခဲ့ကြသည့် ဒုက္ခသည်အရေအတွက် စုစုပေါင်းမှာ ၄၁၆၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မေ ၁၃ ရက်က ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။ ထို့ပြင် ဒုက္ခသည် ၁၃၀၀၀၀ ခန့်မှာလည်း ခိုလှုံခွင့်ရရှိရေးစောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

\-

ဖီဖာမှ ထုတ်ပြန်သော ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း ၁၀ သင်း

ကမ္ဘာ့အကောင်းဆုံး နိုင်ငံဘောလုံးအသင်းစာရင်းကို ဖီဖာမှ ထုတ်ပြန်ကြေညာခဲ့ရာ ကမ္ဘာ့ဖလား ငါးကြိမ်ဆွတ်ခူးထားနိုင်ခဲ့သည့် ဘရာဇီးအသင်းမှာ အဆင့်(၁၉)သို့ လျှောကျသွားခဲ့ကြောင်း သိရသည်။ ကမ္ဘာ့အဆင့်(၁) ဘောလုံးအသင်းမှာ စပိန်အသင်းဖြစ်ပြီး ဂျာမနီက အဆင့်(၂)နေရာတွင် လည်းကောင်း၊ အာဂျင်တီးနားက အဆင့်(၃)၊ ခရိုအေးရှားက အဆင့်(၄)၊ ပေါ်တူဂီက အဆင့်(၅)၊ ကိုလံဘီယာက အဆင့်(၆)၊ အင်္ဂလန်က အဆင့်(၇)၊ အီတလီက အဆင့်(၈)၊ နယ်သာလန်က အဆင့် (၉)နှင့် အီကွေဒေါအသင်းက အဆင့် (၁၀)တို့တွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။

ဟိန်းထက်လင်း - စုစည်းသည်

ဒုတိယအကြိမ် မိုးသက်လေပြင်းနှင့် မိုးကြိုးများပစ်ခတ်ခြင်းကြောင့် ကျုံဒိုးမြို့တွင် ထပ်မံပျက်စီး၍ သေဆုံးမှုများဖြစ်ပေါ်

ကျုံဒိုး မေ ၁၄

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့နယ်တွင် မေ ၁၃ ရက် မြန်မာနှစ်သစ်ကူး သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီ ၂၀ မိနစ်ခန့်တွင် ဒုတိယအကြိမ် မိုးသက်လေပြင်းများ တိုက်ခတ်၍ မိုးသီးများ ကြွေခြင်း၊ မိုးကြိုးများ ပစ်ခတ်ခြင်းကြောင့် ကျုံဒိုးမြို့ရှိ ရပ်ကွက် လေးရပ်ကွက်အတွင်း သစ်ပင်ကြီးများ ကျိုးကျအမြစ်ပြတ်ခြင်း၊ ဓာတ်တိုင်၊ မီးတိုင်များနှင့် မီးကြိုးများ ပြတ်ခြင်း၊ နေအိမ်၊ သွပ်အမိုးနှင့် ကျုံဒိုး အထကကျောင်း အုတ်ကြွပ်ပြားများ လွင့်စဉ်ထွက်ခြင်း၊ ကျုံဒိုးမြို့ ကျက်သရေဆောင် အေးစေတီတော်၏ ထီးတော်ရွှေ့စောင်းခြင်း၊ သစ်ပင်များ ပြိုကျ၍ နေအိမ်များပိခြင်း၊ ကျုံဒိုးမြို့တွင် နှစ်စဉ်ကျင်းပသော ကရင်ရိုးရာမီးပုံပွဲ၏ ကရင်ရိုးရာဒုံးပြိုင်ပွဲစင်များ ပြိုကျခြင်း၊ မိုးကြိုးများ ပစ်ခတ်ခြင်းကြောင့် ကျေးရွာပြည်သူများ သေဆုံးဒဏ်ရာရခြင်းများ ဖြစ်ပေါ်ခဲ့သည်။ **(ယာပုံ)**

ကျုံဒိုးမြို့ရှိ ဒေသခံများ ပြောကြားချက်အရ ယခုမိုးသက်လေပြင်းများ တိုက်ခတ်ချိန်သည် အချိန်ပိုင်းအားဖြင့် ပထမအကြိမ်နှင့် သိပ်မကွာဘဲ ၄ နာရီ မိနစ် ၂၀ မှ ၅ နာရီ မိနစ် ၂၀ ထိ တိုက်ခတ်ခဲ့သည်။ ပထမ မိုးအနည်းငယ်ရွာပြီး လေပြင်းများ တိုက်ခတ်၍ မိုးကြိုး ပစ်ခတ်မှုများ ပါလာခဲ့သည်။ ယင်းအချိန်တွင် မိုးသီးများ ရွာကျမှုသည် နာရီဝက်ခန့်ထိ ဖြစ်ပေါ်ခဲ့သည်။ ယခင်က မိုးသက်လေပြင်းများ တိုက်ခတ်ခြင်းကြောင့် လူတစ်ဦးသာ ဒဏ်ရာရရှိခဲ့ပြီး ယခုဒုတိယအကြိမ်တွင် ကျုံဒိုးမြို့အနီးဝန်းကျင်ရှိ ကျေးရွာများဖြစ်သော ရေပူကြီးကျေးရွာမှ တစ်ဦး၊ ကော့ဝါလဲကျေးရွာမှတစ်ဦး၊ ညောင်ရပ်သာ-သရက်တောကျေးရွာမှ တစ်ဦး၊ ကော့ဘော်ကျေးရွာမှ နှစ်ဦး မိုးကြိုးထိ၍ စုစုပေါင်း ငါးဦး သေဆုံးခဲ့သည်။ မိုးကြိုးစက်ကွင်းရိုက်ခတ်မှုကြောင့် ကော့ဝါလဲကျေးရွာမှ သုံးဦး ဒဏ်ရာရရှိခဲ့ပြီး တစ်နှစ်နှင့် သုံးလသားအရွယ် ကလေးငယ်တစ်ဦးပါရှိခဲ့သည်။ ကျုံဒိုးမြို့ရှိ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ယခု ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၄၀၀၀၀၀ နီးပါးနှင့် ကမ်းနီးကျေးရွာတွင် ၁၀၀၀၀၀ ခန့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုး ငွေကျပ် ၅၀၀၀၀၀ နီးပါးခန့်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြိုကျပျက်စီးဆုံးရှုံးသွားသော နေအိမ်များနှင့် သစ်ပင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက မြို့ရွာရှိဒေသခံ မိဘပြည်သူများနှင့်အတူ ဝိုင်းဝန်းကူညီဖယ်ရှားရှင်းလင်းပေးသည့်အပြင် ပျက်စီးဆုံးရှုံးသွားသော ဓာတ်တိုင်များနှင့် မီးကြိုးများကို ကျုံဒိုးမြို့ လျှပ်စစ်ဦးစီးမှူး ဦးမျိုးသက် ဦးစီး၍ ကျိုးကျပျက်စီးသွားသော ဓာတ်တိုင်များ အစားထိုး ပြန်လည်စိုက်ထူခြင်း၊ ပြတ်တောက်သွားသော မီးကြိုးများကို မိဘပြည်သူကလေးငယ်များ အန္တရာယ်မဖြစ်စေရေးအတွက် မေ ၁၄ ရက် သင်္ကြန်အကျနေ့တွင် နေ့ချင်းပြီး ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ဇလွန်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ဟင်္သာတ မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့တွင် မေ ၁၃ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက် စက်ကြီးအပိုင် နယ်မြေရှိ ကုန်သွယ်လယ်ယာ ဂိုဒေါင် အရွယ်အစား ၁၁၄ ပေ ×၅၀ ပေ အရွယ်အစားရှိ သိုလှောင်ရုံအမှတ် (၁၇၇)၊ (၂၇၇)၊ (၃၇၇) စုစုပေါင်း သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

အဆိုပါမီးလောင်ရာသို့ ဇလွန်မြို့မှ မီးသတ်ယာဉ် နှစ်စီး၊ ဟင်္သာတခရိုင်မှ နှစ်စီး၊ ဓနုဖြူမှ မီးသတ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ပင်ဈေး အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် လူသေဆုံးထိခိုက်မှုမရှိကြောင်းနှင့် မီးလောင်ရခြင်းအကြောင်းအရင်းကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပုသိမ်-ချောင်းသာသွား ယာဉ်တစ်စီး ချောက်ထဲကျ၊ ၁၇ ဦး ဒဏ်ရာရ

ရန်ကုန် မေ ၁၄

ပုသိမ်မှ ချောင်းသာသို့သွားသော လိုက်ထရပ်ကားတစ်စီး ယနေ့တွင် တိမ်းမှောက်သဖြင့် ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့ ပန်းတဉ်းတန်းလမ်းနေ ဦးအောင်ကျော်နိုင် အသက် (၄၀) မောင်းနှင်သော လိုက်ထရပ်ယာဉ်သည် ခရီးသည် ၁၇ ဦးအား တင်ဆောင်၍ ပုသိမ်-ချောင်းသာလမ်းအတိုင်း မောင်းနှင်လာစဉ် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာအုပ်စု ဆိပ်ကြီးရွာအနီး မိုင်တိုင်အမှတ် (၂၈/၅)နှင့် (၂၈/၆)ကြား အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ချောက်ထဲသို့ ထိုးကျသွားခဲ့ကြောင်း၊ အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးအောင်ကျော်နိုင်မှာ အပေါ်ရှေ့သွားသုံးချောင်းကျိုးဒဏ်ရာနှင့် ဝဲဘက်ပါးပွန်းခြစ်ရာ၊ ဖြိုးဝေအောင် အသက် (၂၀)တွင် ယာလက်မောင်းအရေပြားစုတ်ပြဲဒဏ်ရာ၊ ဝဲလက်ခုံအရေပြားစုတ်ပြဲ ဒဏ်ရာ၊ မောင်ရှိုင်းထက်အောင် (၁၄)နှစ်တွင် ဝဲဒူးပွန်းပဲ့ဒဏ်ရာ၊ ယာပခုံးစုတ်ပြဲဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အခြားသူ ၁၄ ဦးတို့တွင်လည်း ဒဏ်ရာများ ရရှိခဲ့ကြကြောင်း၊ စုစုပေါင်းဒဏ်ရာရရှိသူ ၁၇ ဦးရှိကြောင်း သိရသည်။

ဒဏ်ရာရရှိသူများအနက် ယာဉ်မောင်းအပါအဝင် ခြောက်ဦးအား ချောင်းသာဆေးရုံသို့ လည်းကောင်း၊ မအေးနန္ဒာကျော် အပါအဝင် ၁၁ ဦးအား ပုသိမ်ဆေးရုံကြီးသို့ လည်းကောင်း ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ **(မောင်ဇော်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၅-၄-၂၀၁၃ (တနင်္လာနေ့) (သင်္ကြန်အကြတ်နေ့)

၅း၄၀	"လူတိုင်းအတွက်ဝိပဿနာ" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၁၀း၀၀	၂၀၁၃ သင်္ကြန်ဖက်ရှင် (Hair & Accessory)
၁၁း၃၀	သင်္ကြန်ရိုးရာအစားအစာများ
၃း၃၀	ထာဝရသင်္ကြန် ၂၀၁၃
၄း၀၀	သွားမယ်စားမယ်
၇း၃၀	အနုပညာရှင်နှင့် သင်္ကြန်အမှတ်တရများ
၈း၁၅	Old School Vs New School

မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံ

မသွယ် (မြန်မာစာ)

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို "ယင်းလူမျိုးတို့မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းမှန်သမျှနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်နှင့် ဓလေ့စရိုက်၊ လက်မှုအနုပညာ၊ သုခုမအနုပညာတို့ ပေါင်းစပ်ဖွဲ့စည်းထားခြင်း"ဟု ဆိုကြသည်။ နိုင်ငံအသီးသီး၏ ပထဝီအနေအထား၊ လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံတို့အပေါ်မူတည်၍ ယုံကြည်ချက်၊ ခံယူချက်နှင့် စံသတ်မှတ်ချက်တို့ မတူညီကြသကဲ့သို့ ယဉ်ကျေးမှုတန်ဖိုးထားမှုနှုန်းစံ(Value System)မှာလည်း မတူညီကြပါ။

ယနေ့မျက်မှောက်ခေတ်တိုင် ရှင်သန်လျက်ရှိသော မြန်မာတို့၏ ယဉ်ကျေးမှုတန်ဖိုးထားမှုနှုန်းစံများမှာ သည်းခံခွင့်လွှတ်တတ်ခြင်း၊ ကျေးဇူးတရားသိတတ်ခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ ရက်ရောခြင်းနှင့် ဧည့်ဝတ်ကျေပွန်ခြင်း၊ ငြိမ်းချမ်းရေးကို တန်ဖိုးထားခြင်း၊ သနားကြင်နာတတ်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ တာဝန်နှင့်ဝတ္တရား ကျေပွန်ခြင်း၊ သစ္စာစောင့်သိခြင်း၊ စုပေါင်းဆောင်ရွက်တတ်ခြင်းနှင့် ဟိရိဩတ္တပ္ပတရား စောင့်ထိန်းခြင်း စသည်တို့ဖြစ်သည်။

ယင်းတို့မှ "ဟိရိဩတ္တပ္ပတရားစောင့်ထိန်းခြင်း"သည် မြန်မာတို့၏ တန်ဖိုးထားမှုနှုန်းစံများတွင် အမြင့်ဆုံးဖြစ်သည်။ "ဟိရိ"မကောင်းမှုကို ပြောဆိုကြံစည်ပြုလုပ်ရန် ရှက်ခြင်းနှင့် "ဩတ္တပ္ပ" မကောင်းမှုကို ပြောဆိုကြံစည်ပြုလုပ်ရန်ကြောက်ခြင်း ဆိုသည့် တရားနှစ်ပါးသည် မြန်မာလူမျိုးတို့၊ အထူးသဖြင့် မြန်မာအမျိုးသမီးတို့၏ ဘဝလုံခြုံရေးအတွက် အဆီးအတား၊ အကာအရံများပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့တန်ဖိုးထားမှုနှုန်းစံဖြစ်သည့် "ဟိရိဩတ္တပ္ပတရား"ကို မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံအဖြစ် သတ်မှတ်ရပေမည်။

မြန်မာတို့သည် စိတ်ပိုင်းတွင်သာမက ရုပ်ပိုင်းတွင်ပါ အရှက်အကြောက်တရားကို တန်ဖိုးထားကြသည်။ ဆင်ယင်ထုံးဖွဲ့ရာတွင်လည်း အဝတ်အစားလုံလုံခြုံခြုံဝတ်ဆင်သူကိုသာ ယဉ်ကျေးသူအဖြစ် သတ်မှတ်တတ်ကြသည်။ လေ့လာတွေ့ရှိရသော အထောက်အထားများအရ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်ပုံသည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ရိုးသည်၊ ယဉ်သည်၊ သိမ်မွေ့သည်၊ လုံခြုံမှုရှိကြသည်။ လျှပ်ပေါ်လော်လည်သော ဝတ်စားဆင်ယင်ပြုမူနေထိုင်မှုတို့သည် အမျိုးကောင်းသမီးပျိုတို့၏ အလှတန်ဖိုး၊ ဘဝတန်ဖိုးကို ယုတ်လျော့စေသည်ဟု ခံယူခဲ့ကြသည်။

ယနေ့ခေတ်တွင်မူ Globalization ဖြစ်စဉ်အရ အနောက်တိုင်းယဉ်ကျေးမှုတို့သည် အရှေ့တောင်အာရှလူငယ်တို့၏ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်၊ အတွေးအခေါ်၊ ဝတ်စားဆင်ယင်မှုနှင့် အနုပညာစသည်တို့အထိ လွှမ်းမိုးလာသည်ကို တွေ့ရသည်။ ထို့အတူ မြန်မာလူငယ်တို့အပေါ်တွင်လည်း ဆက်သွယ်ရေးမီဒီယာများ၊ ပြည်ပရုပ်ရှင်ဇာတ်လမ်းတွဲများမှတစ်ဆင့် တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးလာခဲ့သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးငယ်တို့သည် ပြည်ပယဉ်ကျေးမှုမှတစ်ဆင့် ပျံ့နှံ့လာသော ကာယိန္ဒြေလည်း မလုံခြုံ၊ သားနားသပ်ရပ်ခန့်ညားမှုလည်းမရှိသည့် ဝတ်စားဆင်ယင်မှုမျိုးကို အတုယူဝတ်ဆင်လာကြခြင်းပင်ဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဝတ်စားဆင်ယင်မှုကို မေ့လျော့ကာ ဘောင်းဘီအတို၊ အရှည်၊ စကတ်အတိုအကွဲ၊ အင်္ကျီလည်ဟိုက်၊ လက်ပြတ်၊ ကျောပြောင်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ဝတ်စားဆင်ယင်နေကြသည်။ မြန်မာတို့၏ အထွတ်အမြတ်ထားရာ အလှူမင်္ဂလာဆောင်၊ ပွဲလမ်းသဘင်များ၌လည်း သူ့ထက်ငါပြိုင်ဆိုင်၍ အနောက်တိုင်းဝတ်စုံများကို ဆင်ယင်နေကြရာ မြန်မာအမျိုးသမီးဟူ၍ သတ်မှတ်ခဲ့ကြသော စံနှုန်းများလျော့ကျခဲ့ရတော့သည်။

ခေတ်မီခြင်းနှင့်အနောက်တိုင်းဆန်ခြင်းတို့သည် တစ်ထပ်တည်းမကျပါ။ အနောက်တိုင်းဆန်မှု မပါဝင်သော ခေတ်နှင့်အညီဖြစ်သည့် ခေတ်မီမှုအနေအထားကိုသာ ခေတ်လူငယ်များ လက်ခံသင့်ပေသည်။ တိုးတက်ပြောင်းလဲနေသောခေတ်နှင့်အညီ ဝတ်ဆင်နေထိုင်ရန် သင့်လျော်သော်လည်း ခေတ်လွန်သည်အထိ ပြောင်းလဲဝတ်ဆင်နေထိုင်ရန် မသင့်လျော်ပါ။ "အရိုးကို အရွက်မဖုံးစေရာ"ဆိုသည့် ရှေးထုံးစကားနှင့်အညီ အခိုင်အမာတည်ရှိပြီးသား မိမိတို့မြန်မာလူမျိုး၏ ယဉ်ကျေးမှု အခြေခံတရားများကိုသာ အခြေတည်ပြီး ပြုပြင်ပြောင်းလဲသင့်ပါသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လျင်မြန်စွာပြောင်းလဲနေသည့် ယနေ့ကမ္ဘာတွင် လူတို့၏အတွေးအခေါ်၊ အယူအဆနှင့်အတူ လူ့လောကဖွဲ့စည်းမှု ပုံသဏ္ဌာန်သည်လည်း လျင်မြန်စွာပြောင်းလဲနေသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းတစ်ပါးမှ ယဉ်ကျေးမှု၊ အနုပညာနှင့် သိပ္ပံပညာ တိုးတက်ပြောင်းလဲမှုရေစီးကြောင်းများ မိမိပြည်တွင်းသို့ ဝင်ရောက်မလာနိုင်စေရေးအတွက် တစ်ဖက်သတ်ပိတ်ပင်တားဆီးရန် မဖြစ်နိုင်ပါ။ တိုင်းတစ်ပါးယဉ်ကျေးမှုများမှ မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့်အညီ လက်ခံပေးနိုင်သော၊ မြန်မာတို့၏ တန်ဖိုးထားမှုနှုန်းစံဖြစ်သော "ဟိရိဩတ္တပ္ပ"နှင့် လိုက်လျောညီထွေဖြစ်စေမည့် အချက်များကိုသာ လက်ခံသင့်လျှင် လက်ခံကြရန်ဖြစ်သည်။ အဓိက အချက်မှာ မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံကို မယုတ်လျော့စေရန်ပင်ဖြစ်သည်။ ဟိရိဩတ္တပ္ပတရားကို ပျက်ပြားစေသော သရုပ်ပျက်ဝတ်စားဆင်ယင်မှုနှင့် အနေအထိုင်၊ အပြောအဆို၊ အမူအရာတို့က လူမှုရေးပျက်ပြားမှုကိုလည်းဖြစ်စေပါသည်။ ထို့အပြင် ခေတ်အဆက်ဆက် နိုင်ငံတကာအလယ်တွင် ဣန္ဒြေသိက္ခာကြီးမားသော ဂုဏ်ရည်နှင့် ပြည့်စုံခဲ့ကြသည့် "မြန်မာလူမျိုး"၏ တန်ဖိုးကိုလည်း နိမ့်ကျသွားစေမည်ဖြစ်ပါသည်။

တိုးတက်ပြောင်းလဲနေသော ဒီမိုကရေစီခေတ်တွင် စီးပွားရေးမှအစ ကမ္ဘာ့လူမျိုးပေါင်းစုံနှင့် ဆက်သွယ်ကြရသည့်အခါ မြန်မာတို့၏ တန်ဖိုးထားမှုနှုန်းစံဖြစ်သည့် ဟိရိဩတ္တပ္ပတရား၊ အရှက်အကြောက်တရားကို အထိပါးမခံဘဲ စောင့်ထိန်းကြရန် အရေးကြီးပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးအမူအရာတို့ ယဉ်ကျေးသောနိုင်ငံဖြစ်သည်ဟု အခြားနိုင်ငံများက မှတ်ချက်ပြုခြင်းကို ခံကြရသည်။ မြန်မာအမျိုးသား၊ အမျိုးသမီးတို့သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး အလုပ်လုပ်ကိုင်ကြရသည့်အခါ အနေအထိုင်၊ အပြောအဆိုသာမက ဝတ်စားဆင်ယင်မှုကလည်း ယဉ်ကျေးသိမ်မွေ့မှုရှိမှသာ မိမိတို့လူမျိုး၏ ဂုဏ်သိက္ခာကို မြင့်တက်စေမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီသော တိုင်းတစ်ပါးယဉ်ကျေးမှုကို အတုယူမမှားကြစေရန်နှင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြစေရန် ဆိုသည့်အချက်များမှာ မြန်မာတစ်မျိုးသားလုံးတွင် တာဝန်ရှိပေသည်။

နိုင်ငံတစ်နိုင်ငံကို ဖျက်ဆီးလိုပါက လက်နက်ကိုင်နယ်ချဲ့ခြင်းသည် ထင်သာမြင်သာရှိသောကြောင့် ရှောင်၍ ကာကွယ်တားဆီး၍ရနိုင်ပေသည်။ သို့သော် ယဉ်ကျေးမှုမျက်နှာစာမှ နယ်ချဲ့ခြင်းသည် ထင်သာမြင်သာမရှိသောကြောင့် ကာကွယ်တားဆီးရန်ခက်လှပါသည်။ "ယဉ်ကျေးမှုပျက်လျှင် လူမျိုးပျက်မည်၊ လူမျိုးပျက်လျှင် နိုင်ငံပျက်မည်" ဟူသော အဆိုအရ ထိုနိုင်ငံ၏ ယဉ်ကျေးမှုပျက်စီးစေရန် မီဒီယာများ၊ အနုပညာရပ်များမှတစ်ဆင့် တဖြည်းဖြည်းဝါးမျိုဖျက်ဆီးမည်ဆိုပါက ထိုလုပ်ရပ်သည် ထင်သာမြင်သာမှုမရှိပေ။ အနုပညာမှတစ်ဆင့် လွှမ်းမိုးခြင်းကို ရုတ်တရက်မမြင်သာ၍ လူတိုင်းကျေကျေနပ်နပ် လက်ခံတတ်ကြပေရာ အနုပညာ၏ လွှမ်းမိုးမှုစွမ်းအားကြီးမားသည်နှင့်အမျှ ကြောက်လန့်ဖွယ်လည်းဖြစ်ပေသည်။ "ပါးစပ်ထဲသို့ ခတ်သောအဆိပ်သည် လူတစ်ဦးကိုသာ သေစေနိုင်သော်လည်း နှလုံးသားထဲသို့ခတ်သောအဆိပ်သည် လူအားလုံးကိုသေစေနိုင်သည်"ဟု အဆိုရှိပါသည်။ ဆိုလိုသည်မှာ အနုပညာသည် လူတို့၏နှလုံးသားကို လွှမ်းမိုးစေနိုင်၍ အနုပညာမှတစ်ဆင့်ပေးသော အသိအမြင်သည်လည်း လူသားအားလုံးကို လွှမ်းမိုးစေနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အနုပညာ၏စွမ်းအားကြီးမားသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

အနုပညာ၏လွှမ်းမိုးမှုကို လူတိုင်းကျေကျေနပ်နပ် လက်ခံတတ်ကြသည့်နည်းတူ မိမိတို့ နှစ်သက်သဘောကျသည့် အနုပညာရှင်များ၊ သရုပ်ဆောင်များ၏ လုပ်ရပ်များကိုလည်း လိုက်လံအတုခိုးလေ့ရှိကြသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများသည် မိမိတို့၏ ဝတ်စားဆင်ယင်မှုကို အနုပညာရှင်များ၊ သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုမှတစ်ဆင့် ပုံတူကူးယူလေ့ရှိကြသည်။ သို့အတွက် သရုပ်ဆောင်အနုပညာရှင်များသည် လူအများအတုယူမှားစေမည့် မိမိတို့ ၏ ဟိရိဩတ္တပ္ပတရားကိုလည်း ယုတ်လျော့စေမည့် ဝတ်စားဆင်ယင်မှုမျိုး၊ အနေအထိုင်၊ အပြောအဆိုမျိုးကို မပြုလုပ်မိစေရန် ဆင်ခြင်သင့်ပေသည်။ ဟိရိဩတ္တပ္ပမဲ့သော အပြုအမူ၊ အပြောအဆို၊ အနေအထိုင်တို့ဖြင့် ထင်ပေါ်ကျော်ကြားမှုကိုရယူပါက ထိုထင်ပေါ်ကျော်ကြားမှုသည် အရှည်မတည်တံ့နိုင်ကြောင်းကိုလည်း သတိပြုသင့်ပါသည်။

ဘိုးဘေးအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်မှာ ပြည်သူလူထုတစ်ရပ်လုံး၏ အဓိကတာဝန်ဖြစ်သည်ဟု ဆိုရပါမည်။ ထို့ကြောင့် ပြည်ပနိုင်ငံများ၏ ယဉ်ကျေးမှုကို ပုံတူကူးမချဘဲ ဟိရိဩတ္တပ္ပတရားနှင့်အညီ ဝတ်စားဆင်ယင်ခြင်းဖြင့် မိမိတို့၏ တန်ဖိုးထားမှုနှုန်းစံကို မြှင့်တင်ပေးကြရန် မျိုးဆက်သစ်မြန်မာအမျိုးသမီးငယ်များကို တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဆူးလေကားမှတ်တိုင်မှ ထူးခြားသည့်အလှူ

ရန်ကုန် မေ ၁၄

မြန်မာ့နှစ်သစ်ကူးပွဲတော်တွင် ဆူးလေကားမှတ်တိုင်၌ တာဝန်ထမ်းဆောင်နေကြသော မထသဝန်ထမ်းများသည် မေ ၁၁ ရက်တွင် စတုဒိသာအဖြစ် သောက်ရေသန့်၊ အချိုရည်နှင့် အအေးများကို ခရီးသွား မိဘပြည်သူများအား ဒါနပြုလှူဒါန်းကြသည်။**(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်)မှ ပိုင်/မောင်း/ရောင်းများ၊ ဝန်ထမ်းများ ကုသိုလ်ကောင်းမှုပြုလုပ်နိုင်ရန် ခြောက်လတစ်ကြိမ်သီတင်းကျွတ် (အောက်တိုဘာ) ပွဲတော်နှင့် မဟာသင်္ကြန် (ဧပြီ) ပွဲတော်အတွက် ဖွံ့ဖြိုးရေးအကျိုးခံစားခွင့်များကို နှစ်စဉ်ထုတ်ပေးကြသည်။ မိမိတို့သဒ္ဒါတတ်စွမ်းသရွေ့ စုပေါင်းပါဝင်လှူဒါန်းခဲ့ကြပြီး ထူးခြားလှသော အလှူကို ပေးလှူလျက်ရှိရာ ခရီးသွားပြည်သူများက သာဓုခေါ်ဆိုပေးကြသည်။ ဤမြင်ကွင်းသည် ကြည်နူးစရာ မြန်မာ့ရိုးရာဓလေ့တစ်ရပ်ပင်ဖြစ်ပါသည်။ **(၇၀၁)**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ရင်သွေးငယ်များ ရေဆော့ကစားရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးဆိုင်များမှ ရင်သွေးငယ်များ စွဲလမ်းမက်မောစေနိုင်သော ပစ္စည်းမျိုးစုံကို ထင်သာမြင်သာ လမ်းဆုံလမ်းထောင့်များ၌ ခင်းကျင်းရောင်းချနေကြသည်ကို မေ ၁၃ ရက်က တွေ့ရစဉ်။ (ထွန်းဝင်း)

ပန်းပန်လျက်ရှိသော လိုင်စင်မဲ့ ဆိုင်ကယ်များ

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့၏ ဆင်ခြေဖုံးမြို့နယ်များတွင် လိုင်စင်မဲ့ဆိုင်ကယ်အများအပြားသည် စည်းကမ်းမဲ့စွာ မောင်းနှင်သွားလာလျက်ရှိရာ မလိုလားအပ်သော ဒဏ်ရာအနာတရဖြစ်မှုများ၊ သေကျေမှုများသည် မကြာခဏဆိုသလို ဖြစ်ပေါ်လျက်ရှိ၏။ အထူးသဖြင့် လိုင်စင်မဲ့ဆိုင်ကယ်အများအပြားကို ဆိုင်ကယ်ကယ်ရီများအဖြစ် လည်းကောင်း၊ ငွေကြေးတတ်နိုင်သူတို့က အပျော်စီးသဘောစီးနင်းစရာယာဉ်များအဖြစ်လည်းကောင်း အသုံးပြုလျက်ရှိကြ၏။ တားဆီးအရေးယူမှုအပိုင်းတွင် လုံ့ဝအားနည်းနေ၍ ထိုသို့သောလိုင်စင်မဲ့ဆိုင်ကယ်တို့မှာ အတင့်ရဲစွာ ပန်းပန်လျက်ရှိကြခြင်းပင်ဖြစ်၏။

ဈေးသွားဈေးလာရှုပ်ထွေးသော မြောက်ဥက္ကလာပမြို့နယ် မေဓာဝီဈေးမှ လမ်းကျဉ်းလေးအတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး စည်းကမ်းမဲ့စွာ မောင်းနှင်သွားလာနေကြ၏။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ထူထောင်နေချိန်တွင် ဘက်စုံထောင့်စုံ၌ စည်းကမ်းရှိကြပါမှ အောင်မြင်မှုပန်းတိုင်ဆီ ရောက်ရှိနိုင်မည်ဖြစ်သည်။

(ကျော်မင်းခေါင်)

အသိပေးကြေညာချက်

၁။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွင်းအောက်ပါအချက်များကို လိုက်နာသွားရန် အသိပေးကြေညာအပ်ပါသည်-

(က) ရေခဲထုပ်၊ ရေပူဖောင်းများ ပစ်ဖောက်ခြင်း၊ ရေဆိုးရေပုပ်များဖြင့် ပက်ခြင်း၊ ဆပ်ပြာမှုန့်ထည့်၍ ဂတ်စ်ဘူးများဖြင့် ပက်ခြင်း၊ ထိခိုက်အန္တရာယ်ရှိသည့် ပစ္စည်းများ၊ အရည်များဖြင့် ပက်ခြင်းများ မပြုလုပ်ရန်၊

(ခ) မူးယစ်ရမ်းကားမှုများ မပြုလုပ်ရန်၊

(ဂ) အများပြည်သူ ထိခိုက်စေသော ရိုင်းစိုင်းသည့် အပြုအမူများ မပြုလုပ်ရန်၊

(ဃ) မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုများ၊ ကခုန်သီဆိုမှုများ မပြုလုပ်ရန်၊

(င) အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားမှုများ မပြုလုပ်ရန်၊

(စ) တုတ်၊ ဓား၊ လက်နက်စသည့် အန္တရာယ်ရှိသော ပစ္စည်းများ ကိုင်ဆောင်ခြင်း မပြုလုပ်ရန်၊

(ဆ) သင်္ကြန်မဏ္ဍပ်များပေါ်နှင့် အနီးတစ်ဝိုက်တွင် အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲခြင်း မပြုလုပ်ရန်။

၂။ အထက်ဖော်ပြပါ အချက်များကို တိကျစွာ လိုက်နာသွားကြရန်နှင့် လိုက်နာခြင်းမရှိပါက သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားသည့် အထူးတရားရုံးများသို့ မဟာသင်္ကြန်စီမံချက်အမှုများအဖြစ် သတ်မှတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင်များ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၄

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဦးခင်မောင်စိုးနှင့် ဦးဝင်းမြင့်တို့သည် မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (အောက်ပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဆက်သွယ်ရေး ရုံးသစ်တည်ဆောက်ရန် ဆောင်ရွက်မည့်အစီအစဉ်၊ ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေးကိစ္စအပါအဝင် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ငြိမ်းချမ်းရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သဖြင့် ရရှိပြီး ငြိမ်းချမ်းမှုအား ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မကြာမီကာလအတွင်း ကယားပြည်နယ်အတွင်း လျှပ်စစ်မီးတိုးတက်ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာပြီဖြစ်၍ စီးပွားရေး အရှိန်အဟုန်ဖြင့်တိုးတက်လာရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်သွားရန် ယခုကပင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

KNPP ကိုယ်စားလှယ်အဖွဲ့က ပြန်လည်ဆွေးနွေးရာတွင် ဒေသအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိကြောင်း၊ မိမိတို့မိသားစုဝင်များ၏ စားဝတ်နေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်လိုကြောင်း၊ တရားဝင်စီးပွားရေးကို လမ်းကြောင်းမှန်အတိုင်း ခိုင်ခိုင်မာမာ သွားလိုကြောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးခွင့် အမြန်ရရှိလိုကြောင်း၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက် ကြီးကြီးမားမားရှိကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် လွိုင်ကော်မြို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်လက်တွေ့ဆုံ၍ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

မေ ၁၃ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ချိုကယ်ထေးသမကျေးရွာ၌ကျင်းပသော (၅၅)ကြိမ်မြောက် စုပေါင်းရိုးရာ ကေ့ထိုးဘိုး(ခ) တံခွန်တိုင်ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြပြီး မောဒူဒီးဘိုးဟိုးခန်းမ တည်ဆောက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးများက အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြကာ ဒေသခံအကြီးအကဲတစ်ဦးက အမှတ်တရ တံခွန်အလံများ ပြန်လည်ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် လွိုင်ကော်မြို့တွင် ဖွင့်လှစ်မည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဆက်ဆံရေးရုံးသစ်တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆက်ဆံရေးရုံးသစ် အမြန်ဆုံးတည်ဆောက် ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို KNPP ညှိနှိုင်းရေး ကိုယ်စားလှယ်သို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မြန်မာ့ရိုးရာအတာသင်္ကြန်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၄

၁၃၇၄-၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့၌ မေ ၁၃ ရက် ညနေ ၄ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာအတာသင်္ကြန် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။ အခမ်းအနားတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ၁၃၇၄-၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ကြောင်းကြေညာပြီး အတာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများ၏ ယိမ်းလှုပ်ဖြိုးများက ယိမ်းအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား သပြေခက်ဖြင့် အတာသင်္ကြန်ရေ ပက်ဖျန်းသည်။ ယင်းနောက် ကပြဖျော်ဖြေတင်ဆက်သည့် ယိမ်းအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ကမ်းနားလမ်း မြို့မတံတား ဗဟိုမဏ္ဍပ်ရှိမြန်မာ့ရိုးရာ အတာသင်္ကြန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး နှစ်ဦးအမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးတို့က ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာများအား သပြေခက်ဖြင့် အတာသင်္ကြန်ရေပက်ဖျန်း၍ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကာ ယိမ်းအဖွဲ့ဝင်များအား ဆုငွေများပေးအပ်ချီးမြှင့်ခဲ့သည်။

၁၃၇၄-၁၃၇၅ ခုနှစ် မွန်ပြည်နယ် အတာသင်္ကြန်ကို ယခင်နှစ်များနည်းတူ ပျော်ရွှင်အေးချမ်းစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဒေသခံပြည်သူများသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များပါ အေးချမ်းပျော်ရွှင်စွာဖြင့် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် စုပေါင်းပါဝင် ဆင်နွှဲကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၄-၂၀၁၃ (တနင်္လာနေ့) (မဟာသင်္ကြန်အကြတ်နေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅	ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
၉း၀၀	မန္တလေးသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၀း၀၀	ဒေါက်တာအရှင် ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
၁၀း၄၀	နေပြည်တော်သင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၁း၂၀	ရန်ကုန်သင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "သင်္ကြန်မိုး" (ပထမပိုင်း) (နေအောင်၊ ဇင်ဝိုင်း၊ ဇော်ဝမ်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်) (ဒါရိုက်တာ - မောင်တင်ဦး)

မြန်မာတို့ရဲ့ အတာသင်္ကြန် ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးဖြစ်ပါစေကြောင်း အမေရိကန်သမ္မတ ဆုမွန်ကောင်းတောင်း

မြန်မာပြည်သူများအတွက် အေးချမ်းပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးအတာသင်္ကြန်ဖြစ်ပါစေကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အမေရိကန်ပြည်သူများကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သလိုက်သည်။

ယခုကဲ့သို့ မြန်မာနှစ်ကူး အတာသင်္ကြန်အခါသမယတွင် မြန်မာပြည်သူအားလုံး မိသားစုများနှင့်အတူ ငြိမ်းချမ်းလုံခြုံမှုရှိပြီး အေးချမ်းပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးဖြစ်ပါစေကြောင်း အမေရိကန်ပြည်သူများက ဆုမွန်ကောင်းတောင်းသည့်အကြောင်း ဂျွန်ကယ်ရီက ပြောကြားလိုက်သည်။ **(ကြေးမုံ)**

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

❖ ဘာလီကျွန်းအနီးမှ

လေကြောင်းပျံသန်းရေးဆိုင်ရာ တာဝန်ရှိသူများက ပျက်ကျသွားသော လေယာဉ်၏ ပျံသန်းရေးဆိုင်ရာ အချက်အလက်မှတ်တမ်းများကို ပြန်လည်သိမ်းယူပြီး လေယာဉ်ကိုလည်း ကမ်းပေါ်သို့ပြန်လည်ဆွဲတင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ရေငုပ်သမားများကလည်း လေယာဉ်အမြီးပိုင်းရှိ လေယာဉ်မှူး၏ အသံဖိုင်မှတ်တမ်းကို ရှာဖွေလျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘမ်ဘန်းအာဗန်က ပြောကြားသည်။

ကျွမ်းကျင်သူအချို့က လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ အမျိုးမျိုးထင်ကြေးပေးပြောဆိုနေကြပြီး လေယာဉ်ပျက်ကျရခြင်းမှာ တောင်ပံပိုင်းဆိုင်ရာ ချွတ်ယွင်းမှုမှာ အဓိကဖြစ်သည်ဟု ယူဆကြသည်။

လေယာဉ်ပေါ်ပါ ၁၀၈ ဦးစလုံး အသေအပျောက်မရှိခဲ့ကြောင်း၊ အချို့မှာ လေယာဉ်အတွင်းမှ ကမ်းခြေသို့ ကိုယ်တိုင်ကူးခပ်လာနိုင်သော်လည်း ကျန်သည့်လူများမှာ ကယ်ဆယ်ရေးသမားများ ရောက်လာမှ လေယာဉ် အတွင်းမှဆွဲထုတ်ကယ်ဆယ်ခဲ့ရကြောင်း၊ လူဒါဇင်ပေါင်းများစွာ ဒဏ်ရာအနာတရ ဖြစ်ခဲ့သော်လည်း အများစုမှာ မေ ၁၄ ရက်တွင် ဒေသခံဆေးရုံများမှ ပြန်ဆင်းသွားခဲ့ပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လေယာဉ်ပေါ်တွင် စင်ကာပူနိုင်ငံသားနှစ်ဦးနှင့် ပြင်သစ်နိုင်ငံသား တစ်ဦးပါဝင်ပြီး ၎င်းတို့သည်လည်း ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သည်ဟု သိရသည်။

ကနဦးသတင်းများအရ လေယာဉ်သည် ပြေးလမ်းကိုကျော်လွန်ကာ ပင်လယ်တွင်းသို့ထိုးဆင်းသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သော်လည်း Lionလေကြောင်းလိုင်းမှ တာဝန်ရှိသူ အက်ဒဝပ်ဆီရတ်က လေယာဉ်မှာပြေးလမ်းသို့မရောက်မီ မီတာ ၅၀ခန့်အလိုတွင် ပင်လယ်တွင်းသို့ ပျက်ကျသွားခဲ့ကြောင်း ပြောကြားသည်။ လေယာဉ်ပျက်ကျချိန်တွင် ရာသီဥတုမှာ တိမ်ထူထပ်ပြီး မိုးအနည်းငယ်ရွာနေသည်ဟု ဆိုသည်။ **အေပီ။**

ပဲခူး၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး မေ ၁၄

ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ပဲခူးမြို့ အစိုးရရုံးအနီး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ညနေ ၅ နာရီခွဲတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဖွင့်သီချင်းအား "မြူမှောင်ဝေကင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဧည့်သည်တော် နိုင်ငံကျော်အဆိုတော်များ တက်ရောက်ဖျော်ဖြေကြကြောင်း သိရသည်။ **ဌေးနိုင်(ပဲခူး)**

ဂေါက်သီးရိုက်ကစား

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဦးသိန်းအောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသည့် ဦးညွန့်လွင် (Family Entertainment Group)၊ ဦးတင်မောင်သီ၊ ဦးဝင်းအောင်၊ ဦးနေလင်းတို့နှင့်အတူ မေ ၄ ရက်တွင် ဂေါက်သီးရိုက်ကစားစဉ် ဘောလုံးအမျိုးအစား Tiltalist No (6)ကို Homa Iron (9) တုတ်ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ်(၇) ၁၄၃ ကိုက်အကွာသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(မိုးသိန်း)

ရန်ကုန်မြို့ မဟာသင်္ကြန်အကျနေ့ စည်ကားပျော်ရွှင်စွာဆက်လက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

ယနေ့ မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့၌ ရေပက်ကစားသူများ၊ ရေပက်ခံသူများ၊ အားပေးကြည့်ရှုသူများဖြင့် ၁၃၇၄ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်အား စည်ကားပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်ကို တွေ့ရသည်။

ပြည်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ခံသူများနှင့် အားပေးကြည့်ရှုသူများအား ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များက အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေပြီး လှပျိုဖြူလေးများကလည်း ရိုးရာအစဉ်အလာမပျက် ညိမ့်ညောင်းလှပသည့် အကများဖြင့် ဖျော်ဖြေကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ယမန်နေ့နံနက်ပိုင်း မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအပြီးတွင် လာရောက်ကြည့်ရှုအားပေးကြသူများအား ရောင်စုံတူညီဝတ်စုံဝတ်ယိမ်းအကအဖွဲ့များက ယိမ်းအက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

ထို့အပြင် နံနက်ပိုင်းမှစ၍ 21st Play Boy Rock Band တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပလေးဘွိုင်းသန်းနိုင်၊ စိုးပိုင်၊ ခိုင်ထူး၊ ဘန်နီဖြိုး၊ နီနီခင်ဇော်၊ အေသင်ချိုဆွေ၊ စုမျိုး၊ ဘေဘီဝ၊ ပြည့်ဖြိုးတို့က တေးသီချင်းများဖြင့် ည ၁၀ နာရီအထိ ဖျော်ဖြေခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ နွေဦးသင်္ကြန်၊ အပျိုစင်လေးများ၊ ဒို့ပန်းတက္ကသိုလ်၊ ယမင်းရွှေစင်၊ လမ်းမတော်၊ ယဉ်ပျိုမဒီ၊ ပိတောက်ချစ်သူ စသည့်ယိမ်းအဖွဲ့များက အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။ ယနေ့တွင်လည်း ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ စင်တင်တေးဂီတများဖြင့် ဆက်လက်ဖျော်ဖြေပြီး ညပိုင်းတွင် ရွှေဖလားအငြိမ့်ဖြင့် ဖျော်ဖြေသည်။

ယခုနှစ် မဟာသင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဏ္ဍပ်ကြီး၊ ငယ်ပေါင်း ၁၅၀ ကျော် ဆောက်လုပ်၍ အတာရေသဘင်ကို ဆင်နွှဲကြသည်။

မဏ္ဍပ်ကြီးများအနက် ပြည်လမ်း IBC ရှေ့၌ Channel 5 ရေကစားမဏ္ဍပ်၊ တံတားဖြူရှေ့၌ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်ရေကစားမဏ္ဍပ်၊ Alpine ရေကစားမဏ္ဍပ်၊ ကမ္ဘာအေးစေတီလမ်း၌ ပိတောက်မြိုင်၊ နွေတန်ခူး၊ သိကြားမင်း၊ ရွှေဝါဖူး၊ နှစ်ကူးအပျော်၊ ငွေငန်းဖြူ မီရှယ်(လ်)စသည့် ရေကစားမဏ္ဍပ်ကြီးများရှိရာ ယင်းမဏ္ဍပ်ကြီးများတည်ရှိရာတစ်လျှောက်၌ ရေပက်ခံကားများအထူးများပြားသည်ကို တွေ့ရသည်။

အဆိုပါမဏ္ဍပ်ကြီးများ၌ ခေတ်ပေါ်တေးဂီတ အဖွဲ့များနှင့်အတူ နာမည်ကြီး အဆိုတော်များ၊ တက်သစ်စ အဆိုတော်များက ပရိသတ်အကြိုက်တွေ့သည့် တေးသီချင်းများကို သီဆိုဖျော်ဖြေကြရာ ရေပက်ခံသူများရော၊ လာရောက်အားပေးကြည့်ရှုကြသူများပါ လိုက်ပါသီဆို အားပေးကြသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရေကစားမဏ္ဍပ်၌ ရှုံးချုပ်နှင့် ခရိုင် လေးခရိုင်မှ ယိမ်းအဖွဲ့က မဏ္ဍပ်သို့ လာရောက်ရေပက်ခံ အားပေးကြည့်ရှုသူများအား ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြသည်။ ဂစ်တာဇော်မင်း ဦးစီးသည့် ZMG တေးဂီတအဖွဲ့နှင့်အတူ ပြေမိုး၊ မင်းချစ်၊ မို့မို့ကျော်လွင်၊ စုယမင်းနှင့် သွန်းတို့ကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

သခင်မြပန်းခြံအနီးရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များက ဖျော်ဖြေသကဲ့သို့ Audio တေးဂီတအဖွဲ့နှင့်အတူ ရတနာထွန်းက "မင်းကြောင့်"၊ မေမြင့်မိုရ်က "နမ်းမှာလား"၊ လင်းလဲ့ကြယ်စင်က "ပထမခြေလှမ်း" တေးသီချင်းများကို ဖျော်ဖြေကြရာ ရေပက်ခံသူများ၊ လာရောက်ကြည့်ရှုအားပေးသူများက ပျော်ရွှင်စွာ ပါဝင်သီဆိုကြသည်ကို တွေ့ရသည်။ လာရောက်ရေပက်ခံအားပေးကြသူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်၊ ဇနီးနှင့် တာဝန်ရှိသူများက အတာရေဖြင့် ပက်ဖျန်းနှုတ်ဆက်ကြသည်။

ဗိုလ်အောင်ကျော်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ သျှိုင်းရေကစားမဏ္ဍပ်၌ မဟာသင်္ကြန်အကျနေ့တွင် မြန်မာမှုဝတ်စုံများ ဝတ်ဆင်ပြီး ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြသည်။

သျှိုင်းရေကစားမဏ္ဍပ်မှ ရေကစားသူများနှင့် လာရောက်ကြည့်ရှုသူများအား မုန့်လုံးရေပေါ်၊ အချိုရည်၊ ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေး အလှူဒါနပြုကြသည်။

သျှိုင်းရေကစားမဏ္ဍပ် စီစဉ်သူ ဝါဝါသန်း အလှပြင်ဆိုင်မှ ဒေါ်သန်းသန်းအေးက "အကျွေးအမွေးက အမြဲရှိပါတယ်၊ ဒီနေ့ ထမင်းနဲ့ သီးစုံဟင်းကျွေးပါတယ်၊ အကြတ်နေ့မှာ သီးစုံဒံပေါက်၊ အတက်နေ့မှာ ကြက်သားဟင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ ဆီထမင်းကျွေးမှာပါ၊ အချိုရည်ကို နေ့စဉ် ဒါနပြုပါတယ်၊ အန်တီတို့ မဏ္ဍပ်မှာ မြန်မာမှုဝတ်စုံလေးတွေပဲ ဝတ်ခိုင်းပါတယ်။ ရည်ရွယ်ချက်ကတော့ အခုက သရုပ်ပျက်တွေက များနေတယ်၊ ကလေးတွေကို စည်းရုံးကာ မြန်မာမှုအဝတ်အစားတွေဝတ်ပြီး ရေကစားဖို့ပြောထားတယ်၊ အတတ်နိုင်ဆုံးတော့ မဏ္ဍပ်မှာ လာကစားတဲ့ကလေးတွေကို လုံလုံခြုံခြုံ ဝတ်စားဆင်ယင်ပြီး ရေပက်ကစားခိုင်းပါတယ်"ဟု ပြောသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန် အကျနေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းတစ်လျှောက် စည်ကားလျက်ရှိစဉ်။
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

မဟာသင်္ကြန်အကျနေ့က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ နဒီလှိုင်းရေကစားမဏ္ဍပ်၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မင်းထက် ဖျော်ဖြေနေစဉ်။
ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

မဟာသင်္ကြန်အကျနေ့က ပြည်လမ်းမကြီးတစ်လျှောက် ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

၁၃၇၅ ခုနှစ်
မြန်မာ့ရိုးရာ
မဟာသင်္ကြန်
ပုံရိပ်များ

❊ **နေပြည်တော်မှ**

လှည့်လည်ပြီး သင်္ကြန်ချစ်သူမြန်မာပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေကစားကြသည်။

ဒက္ခိဏသီရိဟိုတယ်ဇုန် စုပေါင်းရေကစားမဏ္ဍပ်တွင် ဂီတမှူး ဝဏ္ဏခေါင်းဆောင်သော တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့အတူ နေပြည်တော်အက်ဖ်စီမိသားစုရေကစားမဏ္ဍပ်တွင်လည်း Straight Line တေးဂီတအဖွဲ့နှင့် တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် တေးသံရှင်များက သင်္ကြန်သီချင်း၊ သင်္ကြန်အကအလှများဖြင့် အားပါးတရ သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ "မြနန္ဒာ" "တူးပို့တူးပို့" "ရှာပုံတော်မင်းသားကြီး" တေးသီချင်းများကို သီဆိုချိန်တွင် တေးသံရှင်များနှင့်အတူ ရေကစားကြသူများက သံပြိုင်လိုက်၍ သီဆိုကြသည့်အတွက် သင်္ကြန်သီချင်းသံများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

ရွှိုင်ရယ်ကုမုဒြာ မိသားစုရေကစားမဏ္ဍပ်တွင် Union Four တေးဂီတအဖွဲ့နှင့်တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် Dancer အဖွဲ့များက သီချင်း၊ အကအလှများဖြင့် အားပါးတရ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ Dancer အဖွဲ့များက မြူးကြွသည့် တီးလုံးကကွက်များဖြင့် ကပြဖျော်ဖြေသည့်အချိန်တွင် ရေကစားကြသူများက တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နားလည်မှုရှိရှိ



မဟာ...
ပျော်ရွှင်စွာ ...

ချစ်ချစ်ခင်ခင်...
မြူးကြွပျော်ရွှ...
မြင်ကွင်းကို ...
"မနှစ်ကလ...
ကားကားနဲ့ ...
ဟိုတယ်ကပဲ ...
တယ်၊ ဒီနှစ်မှာ...
သင်္ကြန်ကို ...
ဖြစ်စေဖို့ ဖျေ...
တွေနဲ့ ဧည့်ခံ...
အစဉ်တွေကို ...
ဆောင်ရွက်ထ...
တင်ဆက်ရာမှ...
တွေလည်း မ...
ဆင်ယင်မှုက...

မန္တလေးမဟာသင်္ကြန်ပွဲတော် အေးချ...

မဟာသင်္ကြန်အကျနေ့က မန္တလေးကျုံးတောင်ဘက်ရှိ Alpine သောက်ရေသန့် ... ဆင်နွှဲလျက်ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၁၄

သင်္ကြန်အကျနေ့ဖြစ်သော ဧပြီ ၁၄ ရက်တွင် မန္တလေးမြို့တော်၏ မဟာသင်္ကြန်ပွဲတော်သည် အထူးပင် စည်ကားလှပြီး ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ မဟာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့တော်ကျုံးတော်ကြီးပတ်ပတ်လည်လမ်းတစ်လျှောက်တွင် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ အားကစားဝန်ကြီး ဌာန ဒုတိယဝန်... နှင့် သင်္ကြန်မ... (၆၆)လမ်းရှိ ... လုပ်ငန်းရှင်မ... ရေကစားမဏ္ဍ... များ၊ ဂီတ၊ ရု... များ၏ အဆို... ဖျော်ဖြေမှုကို...

...င်နွဲ

...အကျနေ့က ...ရွှတ်မြို့နယ် ...က် စည်ကား ...အောင်(ကြေးမုံ)

✼ နေပြည်တော်မှ လှည့်လည်ပြီး သင်္ကြန်ချစ်သူမြန်မာပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေကစားကြသည်။

ဒက္ခိဏသီရိဟိုတယ်ဇုန် စုပေါင်းရေကစားမဏ္ဍပ်တွင် ဂီတမှူး ဝဏ္ဏခေါင်းဆောင်သော တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့အတူ နေပြည်တော်အက်ဖ်စီမိသားစုရေကစားမဏ္ဍပ်တွင်လည်း Straight Line တေးဂီတအဖွဲ့နှင့် တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် တေးသံရှင်များက သင်္ကြန်သီချင်း၊ သင်္ကြန်အကအလှများဖြင့် အားပါးတရ သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ "မြနန္ဒာ" "တူးပို့တူးပို့" "ရှာပုံတော်မင်းသားကြီး" တေးသီချင်းများကို သီဆိုချိန်တွင် တေးသံရှင်များနှင့်အတူ ရေကစားကြသူများက သံပြိုင်လိုက်၍ သီဆိုကြသည့်အတွက် သင်္ကြန်သီချင်းသံများဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

ရွှိုင်ရယ်ကုမုဒြာ မိသားစုရေကစားမဏ္ဍပ်တွင် Union Four တေးဂီတအဖွဲ့နှင့်တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် Dancer အဖွဲ့များက သီချင်း၊ အကအလှများဖြင့် အားပါးတရ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ Dancer အဖွဲ့များက မြူးကြွသည့် တီးလုံးကကွက်များဖြင့် ကပြဖျော်ဖြေသည့်အချိန်တွင် ရေကစားကြသူများက တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နားလည်မှုရှိရှိ၊

မဟာသင်္ကြန်အကျနေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်တွင် နိုင်ငံခြားသံတမန်များ ပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ချစ်ချစ်ခင်ခင်ဖြင့် အတူတကွ မြူးကြွပျော်ရွှင်စွာ ကခုန်နေသည့် မြင်ကွင်းကို တွေ့မြင်ရသည်။

"မနှစ်ကလည်း ယခုလိုပဲ စည်စည်ကားကားနဲ့ ရွှိုင်ရယ်ကုမုဒြာ ဟိုတယ်ကပဲ ဒီနေရာမှာ လုပ်ခဲ့ပါတယ်၊ ဒီနှစ်မှာလည်း နေပြည်တော်သင်္ကြန်ကို စည်စည်ကားကား ဖြစ်စေဖို့ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့ ဧည့်ခံကျွေးမွေးရေး အစီအစဉ်တွေကို မနှစ်ကအတိုင်း ဆောင်ရွက်ထားပါတယ်။ ဖျော်ဖြေတင်ဆက်ရာမှာလည်း သရုပ်ပျက်တွေလည်း မပါအောင် ဝတ်စားဆင်ယင်မှုကအစ ထိန်းသိမ်းပြီးတော့၊ စည်းကမ်းထိန်းသိမ်းရေးတွေ၊ လုံခြုံရေးတွေနဲ့ ဝန်ထမ်းများစွာက ဝိုင်းဝန်းပြီးတော့ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ရွှိုင်ရယ်ကုမုဒြာမိသားစု ရေကစားမဏ္ဍပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မက်(စ်)မြန်မာကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်ကြည်က ရှင်းလင်းပြောကြားသည်။

ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစုရေကစားမဏ္ဍပ်တွင်လည်း ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များ၊ Dancer အဖွဲ့များ၊ ယိမ်းအဖွဲ့များနှင့် သံချပ်အဖွဲ့များက သီချင်း၊ အကအလှများဖြင့် အားပါးတရ သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။ အမများယိမ်းအဖွဲ့၊ အမေများယိမ်းအဖွဲ့နှင့် သံချပ်အဖွဲ့တို့ ဖျော်ဖြေတင်ဆက်ချိန်တွင် ပရိသတ်များ၏ အားပေးသံများဖြင့် ဖုံးလွှမ်းပြည့်လျှံလျက် ရှိသည်။

နေပြည်တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့နှင့် တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် တေးသံရှင်များက သင်္ကြန်သီချင်းများဖြင့် အကအလှများတွဲ၍ အတာသင်္ကြန်ကို ပေါ်လွင်အောင် ပုံဖော်သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များကလည်း "သင်္ကြန်ချစ်တဲ့ ရွှေမြန်မာ"၊ "ရေစိုခံ"၊ "ပိတောက်လက်ဆောင်"၊ "တန်ခူးရေနှင့် လှတော့သည်"၊ "မမကိုယ်တိုင်က"၊ "ထူးမြတ်တဲ့အတာသင်္ကြန်"၊ "ပန်းဝါပိတောက်မင်း"၊ "လယ်ယာဖွံ့ဖြိုးမြင့်မိုရ်တာသင်္ကြန်"၊ "မင်္ဂလာရှိသော မြန်မာတို့သင်္ကြန်"၊ "ရွှေဧည့်သည်သင်္ကြန်"၊ "အောင်စေညွှန်းသည့် ရွှေမြန်မာ" စသည့် သင်္ကြန်သီချင်းများဖြင့် ကကြိုးကကွက်စုံစုံလင်လင် ညီညီညာညာဖြင့် သင်္ကြန်သရုပ်ကို ပေါ်လွင်အောင် ယှဉ်ပြိုင်ဖျော်ဖြေကြသည်။

"နေပြည်တော်သင်္ကြန်ကို နှစ်စဉ်နှစ်တိုင်းလာပါတယ်၊ အခုလို ပျဉ်းမနားမြို့နဲ့ နေပြည်တော်တို့မှာ စည်စည်ကားကားတွေ့ရလို့ဝမ်းသာပါတယ်။ ရေကစားရတာလည်း အရမ်းပျော်ပါတယ်။ ဒါပြီးရင် တပ်ကုန်းဘက်ကိုသွားလည်ဖို့ စီစဉ်ထားပါတယ်၊ သင်္ကြန်မှာ အားလုံးချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးနဲ့ ပျော်ရွှင်နေကြတာကို တွေ့မြင်ရတော့ ကျွန်တော့်အနေနဲ့ အရမ်းဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပျဉ်းမနားမြို့မှ လာရောက် ရေကစားသူ ဦးဟိန်းလတ်မောင်မောင်က သူ၏အမြင်ကို ပြောပြသည်။

"အခုနှစ် နေပြည်တော်သင်္ကြန်မှာလည်ရတာပျော်ပါတယ်၊ မဏ္ဍပ်တိုင်းမှာလည်း ရုပ်ရှင်သရုပ်ဆောင်တွေ၊ တေးသံရှင်တွေ၊ ယိမ်းအဖွဲ့တွေ၊ သံချပ်အဖွဲ့တွေ၊ Dancer အဖွဲ့တွေနဲ့ စုံစုံလင်လင် ဖျော်ဖြေပေးတော့ ကျေနပ်အားရပါတယ်၊ နောက်ပြီး လေ့ခွင်းတောင်ကို သွားလည်ဖို့ အစီအစဉ်ရှိပါတယ်၊ သင်္ကြန်မှာ အားလုံးပျော်ရွှင်ရလို့ နေပြည်တော်သင်္ကြန်ကို စည်စည်ကားကားနဲ့ နှစ်တိုင်းနှစ်တိုင်း ကျင်းပနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်"ဟု ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာမှ မောင်ကျော်ရဲလင်းက သူ၏ခံစားချက်ကို ပြောပြသည်။

(သတင်းစဉ်)

မဟာသင်္ကြန်အကျနေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်တွင် နိုင်ငံခြားသံတမန်များ ပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

...မဟာသင်္ကြန်ပွဲတော် အေးချမ်းပျော်ရွှင်စွာ ရေကစား

...န်အကျနေ့က မန္တလေးကျုံးတောင်ဘက်ရှိ Alpine သောက်ရေသန့် သင်္ကြန်ရေကစားမဏ္ဍပ်တွင် ရေပက်ခံသူများ ပျော်ရွှင်စွာ ...ကို တွေ့ရစဉ်။ (သတင်းစဉ်)

...ဧပြီ ၁၄ ...ဖြစ်သော ဧပြီ ...လေးမြို့တော်၏ ...သည် အထူးပင် ...နေ့တွင် သင်္ကြန် ...သည် မြန်မာ့ရိုးရာ ... မဟာရေ ...အေးချမ်းပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့တော် ကျုံးတော်ကြီးပတ်ပတ်လည်လမ်း တစ်လျှောက်တွင် တိုးမပေါက်အောင် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရသည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် သင်္ကြန်မိသားစုဝင်များသည် (၆၆)လမ်းရှိ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း မိသားစုရေကစားမဏ္ဍပ်၌ ယိမ်းအကလှပျိုဖြူများ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များ၏ အဆိုအက အလှများဖြင့် ဖျော်ဖြေမှုကိုအားပေးကြည့်ရှုပြီး ချမ်းမြေ့ပျော်ရွှင်စွာပါဝင် အတာရေကစားကြသည်။

ကျုံးတောင်ဘက်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ (၃၅)လမ်းရှိ ရှမ်းတိုင်းရင်းသားရိုးရာ သင်္ကြန်ရေကစားမဏ္ဍပ်၊ ကျုံးတောင်ဘက်ရှိ Alpine သောက်ရေသန့် သင်္ကြန်ရေကစားမဏ္ဍပ်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်များ၌လည်း ရေကစားသူများနှင့်စည်ကားလှပြီး တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မွန်းလွဲပိုင်းနှင့် ညနေပိုင်းတွင် ကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၊ နန်းမြို့သူ ရေကစားမဏ္ဍပ်၊ စိန်စပွယ်ဖူးစိန်တိုက်သင်္ကြန်မဏ္ဍပ်၊ တော်ဝင်စိန်တိုက်သင်္ကြန်မဏ္ဍပ်၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းများ၏ သင်္ကြန်ရေကစားမဏ္ဍပ်များ၊ ဌာနဆိုင်ရာ သင်္ကြန်ရေကစားမဏ္ဍပ် ရှေ့တို့တွင် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်နာမည်ကြီး အဆိုတော်များ၊ တေးသံရှင်များက ခေတ်ပေါ်တေးဂီတတို့ဖြင့် သီဆိုဖျော်ဖြေ တင်ဆက်လျက်ရှိကြရာ ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ မန္တလေးသင်္ကြန်ပွဲတော်ကို လာရောက်ဆင်နွှဲပျော်ကြသူများ၊ အမိုးဖွင့်စက်မှုဇုန်ထုတ်ကားများ၊ လိုက်ထရပ်ကားများ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံကစားကြသူများဖြင့် စည်ကားလျက်ရှိကြသည်။

သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂ နာရီမှစ၍ သင်္ကြန်အတက်နေ့ ည ၁၂ နာရီထိ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် မန္တလေးနန်းမြို့ ကျုံးတော်ကြီး ပတ်လည်လမ်းတို့အား တစ်လမ်းမောင်းစနစ်ဖြင့်အသုံးပြု၍ ယာဉ်များ သွားလာစေခြင်းကို ကြိုတင်အသိပေး နှိုးဆော်ထားသဖြင့် ယခုနှစ်သင်္ကြန်မဏ္ဍပ်များတွင် ယာဉ်များအေးချမ်းလွယ်ကူစွာ သွားလာလျက်ရှိသည်ကို တွေ့ရှိရသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက် ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည့် အလှပြယာဉ်များအား အကဲဖြတ်အဖွဲ့က စိစစ်လျက်ရှိပြီး သင်္ကြန်အလှပြမဏ္ဍပ် အကဲဖြတ်အဖွဲ့ဝင်တို့ကလည်း သင်္ကြန်မဏ္ဍပ်များသို့ အကဲဖြတ်လျက်ရှိကြသည်။

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌လည်းရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များ၊ သင်္ကြန်လှပျိုဖြူ ယိမ်းအဖွဲ့များက ခေတ်ပေါ်တေးဂီတတို့နှင့် တွဲဖက်က၍ အဆိုအကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ မန္တလေးမြို့တော်ဝန်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ မြို့တော်စည်ပင်အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ၊ စည်ပင်မိသားစုဝင်များက ကြည့်ရှုအားပေးကြပြီး သင်္ကြန်မဏ္ဍပ်ရှေ့တွင်လည်း အားပေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူပြည်သူများ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်အကျနေ့က မန္တလေးမြို့ (၃၅)လမ်းရှိ ရှမ်းတိုင်းရင်းသားရိုးရာသင်္ကြန်ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၄-၂၀၁၃ (တနင်္လာနေ့)

၇း၀၃	တရားတော်
၇း၄၀	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	မြန်မာသင်္ကြန်
၈း၂၅	အမျိုးသားရေးတေးကဗျာ
၉း၁၀	မြတ်ဘုရားဒေသနာတော်
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း- ၉၄)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၂၃) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်ပေါင်ချိန်" အပိုင်း(၂၅)

သင်္ကြန်အကျနေ့ ကလေးမြို့ ထိုမာရွာရှိ နွေဦးသင်္ကြန်မဏ္ဍပ်တွင် ပြည်သူများ ရေကစားနေကြစဉ်။ သိန်းစိုး(ကလေး)

နိုင်ငံတစ်ဝန်းဆင်နွှဲ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲ

ဧပြီ ၁၄ ရက်တွင် မန္တလေးမြို့ရှိ ဦးပိန်တံတား၌ အေးချမ်းစွာအနားယူနေကြသည့် သင်္ကြန်ချစ်သူများဖြင့် စည်ကားလျက်ရှိစဉ်။ Weekly Eleven Media

သင်္ကြန်အကျနေ့ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ပုန်းထွန်ချောင်းအပန်းဖြေစခန်းတွင် အတာသင်္ကြန်ချစ်သူများ ရေကစားကြစဉ်။ (မြဇာ)

ညောင်လေးပင် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် ယိမ်းအကအဖွဲ့ဝင်များ သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြစဉ်။ သိန်းညွန့်(ပိန်းဇလုပ်)

သင်္ကြန်အကျနေ့ တောင်ငူမြို့ရှိ ရေကစားမဏ္ဍပ်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။ ညီညီထွန်း(တောင်ငူ)

ဧပြီ ၁၄ ရက်တွင် မော်လမြိုင်မြို့ရှိ ဗဟိုမဏ္ဍပ်၌ နိုင်ငံခြားသားဧည့်သည်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရစဉ်။ (မြန်/ဆက်)

သင်္ကြန်အကျနေ့ စစ်တွေမြို့ရှိ ရေကစားမဏ္ဍပ်၌ စည်ကားလျက်ရှိစဉ်။

ဧပြီ ၁၄ ရက်တွင် တာချီလိတ်မြို့ မယ်ပုတ်ချောင်း၌ ပြည်သူများ ရေကစားအပန်းဖြေအနားယူနေကြသည်ကို တွေ့ရစဉ်။ (မြဇာ)

နေရောင်ခြည်ဆိုးကျိုးများလည်းသိကာ နေရောင်ခြည်ကို ရန်သူသဖွယ်သဘောထားကြောက်တတ်ရမည်

ထက်ခိုင်(စမ်းချောင်း)

ယခုအခါ အချို့သောသူများတွင် နေရောင်ခြည်အတွင်း အကာအကွယ်မပါဘဲ သွားလာခြင်းကြောင့် အဖုအပိမ့်များထွက်ကာ အရေပြားဆိုင်ရာရောဂါများ ကြုံလာသည်ကို တွေ့ရှိလာရပါသည်။ ထို့ကြောင့် အများသိရှိကာ ဗဟုသုတများရ၍ ဂရုပြုလုပ်ဆောင်နိုင်ကြစေရန်အတွက် လတ်တလောဖြစ်နေသော အရေပြားရောဂါများနှင့်ပတ်သက်၍ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ကျော်နှင့် တစ်ခဏတာ တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်။

မေး။ ဆရာရေ အခုဆိုရင် လူတချို့မှာ နေပူထဲသွားပြီး ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေဖြစ်တာကို တွေ့ရတယ်။ တချို့ဆိုလည်း ရောင်ရမ်းနေတယ်။ အဲဒါ ဘာကြောင့်ဖြစ်ရသလဲဆိုတာ ရှင်းပြပေးပါ။

ဖြေ။ အဲဒါကတော့ လူတွေ တစ်ယောက်နဲ့တစ်ယောက် ကွဲခြားမှုရှိတာပေါ့။ နေရောင်ခြည်ထဲက ခရမ်းလွန်ရောင်ခြည် A ရော၊ B ရော ဒုက္ခပေးတယ်။ အဲဒီနှစ်ခုစလုံးက ဒုက္ခပေးတယ်ဆိုပေမယ့် B က ပိုပြီးတော့ ဒုက္ခပေးတယ်။ B က အသားအရေရင့်တာမျိုး၊ အခုပြောနေတဲ့ နေလောင်တာပေါ့။ တချို့ နေထိတဲ့နေရာတွေ၊ နေထိတဲ့နေရာတွေဆိုတာက မျက်နှာပေါ့၊ မျက်နှာဆိုလည်း နဖူးတို့၊ ခေါင်းတို့၊ လည်ကုပ်၊ လက်ဖျံ၊ လက်ဖျံ အပြင်ဘက်ပိုင်း၊ နား၊ လည်ပင်း (ဗွီရှိတ်) တို့ဖြစ်ကြတယ်။

လူတချို့မှာ မဖြစ်ဘူး၊ တချို့ကျတော့ ဖြစ်တယ်ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ဗီဇကွာခြားချက်ကြောင့်ဖြစ်တာ။ နေရောင်ခံနိုင်ရည်အား မခံနိုင်ရည်အားပေါ်လည်း တည်တာပေါ့။ သူက ဒီလိုဖြစ်မယ်၊ သူကတော့ ဒီလိုမဖြစ်ဘူးဆိုတာ ကြိုတင်မသိရတဲ့အတွက်ကြောင့် ဆရာတို့ကတော့ ဘယ်လိုခေါ်မလဲ နေရောင်ကို ရှောင်ခိုင်းလိုက်တာပေါ့။ နေရောင်ကို တစ်ပြေးညီရှောင်ကြပါလို့ ပြောတာ။ တချို့ကျတော့ ခဏတဖြုတ် နေထိတာနဲ့ ယားတာရောင်တာ ဖြစ်တယ်။ တချို့ကျတော့လည်း နေအကြာကြီး ပြင်းပြင်းထိမှ ဖြစ်တာတွေရှိတယ်။ နှစ်ပိုင်းတော့ရှိတယ်။ နေရောင်ခြည်ကြောင့်ဖြစ်တဲ့ အရေပြားရောဂါတွေက အများကြီးကို ရှိတယ်။

နေရောင်ခြည်ကြောင့် လူတွေကို လတ်တလော ဒုက္ခပေးတာရှိတယ်။ ယားမယ်၊ ရောင်မယ်၊ အဖုအပိမ့်တွေ ထွက်မယ်၊ ခရုသင်းတွေထွက်မယ်၊ နေထိတဲ့နေရာမှာ ပူစပ်ပူလောင်ဖြစ်မယ်။ ဒါက နေရောင်ခြည်နဲ့ မတည့်ရင် လတ်တလောဖြစ်မှာ။ ရေရှည်ဖြစ်တဲ့ ဆိုးကျိုးကတော့ နေရောင်ခြည်ကို ခဏခဏထိလို့ပေါ့။ နှစ်ရှည်လများ ခဏခဏ ဘဝတစ်သက်တာမှာ နေရောင်ခြည်နဲ့ မကင်းကွာဘဲနဲ့ တော်တော်ကြီး ထိတဲ့သူတွေကျတော့ ဘာဖြစ်မလဲဆိုတော့ အရေပြားကင်ဆာ၊ မှဲ့ကင်ဆာတို့ဖြစ်မယ်။ ဒီနေ့ နေပူထဲသွားလို့ မှဲ့ကင်ဆာမဖြစ်သေးဘူး။ ကြာမှ စုပြီးတော့ဖြစ်တာ။ နေရောင်ခြည်ရဲ့ဒဏ်ကို စုပြီးတော့ နောက်ကျမှ ခံရတာ။ နောက်တစ်ခုက အသားအရေရင့်ပြီးတော့ အိုမင်းရင့်ရော်တာပေါ့။ နေထိတဲ့သူက သူ့ရဲ့အသားအရေဟာ ပါးရေ နားရေ စောစောစီးစီး တွန့်မယ်။ အသားအရေထူတယ်၊ တွန့်ခေါက်တယ်၊ မည်းတယ်၊ မည်းညစ်တွန့်ခေါက်ပြီးတော့ ကြမ်းတယ်။ ခြုံပြောရရင် ငယ်ငယ်ရွယ်ရွယ်နဲ့ အိုစာတဲ့ရုပ်ပေါက်တာပေါ့။ ဇရာအရ အိုတာက သပ်သပ်၊ ဒီဟာက အရွယ်မတိုင်မီ စောစောစီးစီး အိုစာတဲ့ရုပ်ပေါက်တာ။ နေလောင်ကွက်၊ တင်းတိပ်တွေဖြစ်တာက ကြာမှဖြစ်တာ။

မေး။ သင်္ကြန်ရေကစားတဲ့သူတွေမှာ တချို့ဆိုရင် ယားပြီး အဖုအပိမ့်လေးတွေ ထွက်တယ်လို့ သိရပါတယ်။ အဲဒါက နေရောင်ခြည်ရဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့်လို့ ပြောနိုင်မလား။

ဖြေ။ အဲဒါက ခွဲခြားရခက်တယ်၊ သင်္ကြန်ရေဆိုတာက တွေ့ရာရေနဲ့ ပက်ကြတာရှိတယ်၊ မြောင်းရေ၊ ချောင်းရေ၊ ကန်ရေပေါ့။ ကိုယ့်အိမ်မှာ နေ့တိုင်းချိုးနေတဲ့ ရေလောက်တော့ သန့်မှာမဟုတ်ဘူး။ ရေမသန့်လို့ ယားတာလည်း ဖြစ်နိုင်တယ်။ ရေမသန့်လို့ယားတာက ခန္ဓာကိုယ်အတွင်းပိုင်းကို ယားတာ။ ပေါင်တွေ၊ ခြေသလုံးတွေ၊ ခန္ဓာကိုယ်မှာ တစ်ကိုယ်လုံးနီးပါး ယားတာတွေရှိတယ်၊ အဖုအပိမ့်တွေ၊ မိတ်ဖုတွေထွက်တယ်။ နေရောင်ခြည်ကြောင့် ယားတယ်ဆိုတာက နေထိတဲ့နေရာလောက်ပဲဖြစ်တာ။ ခွဲလို့တော့ရတယ်ဆိုပေမယ့် နှစ်ခုစလုံးတော့ ဂရုစိုက်ရမှာပေါ့။

မေး။ နေလောင်လို့ဆိုပြီးတော့ ခန္ဓာကိုယ်အရေပြားမှာ ရောင်ရမ်းတဲ့အဖြစ်မျိုးတွေ အရင်က သိပ်မတွေ့ခဲ့ဖူးပါဘူး။

အခု အဲဒါမျိုးကို တော်တော်တွေ့လာတာ ဘာကြောင့်ဖြစ်ပါသလဲ။

ဖြေ။ အရေပြား ဆရာတွေအနေနဲ့ပြောရရင် နေရောင်ခြည်ကြောင့်ဖြစ်တဲ့ပြဿနာတွေက သိသိသာသာကို အခုနောက်ပိုင်းမှာ ရာသီဥတုပြောင်းလဲမှုနောက်ပိုင်းမှာ တွေ့လာရတယ်။ အထူးသဖြင့် အရေပြားကင်ဆာတို့၊ မှဲ့ကင်ဆာတို့ကို ဘေးချိတ်ပြီး ခဏထားလိုက်ဦး၊ အဲဒါက ချက်ချင်းလက်ငင်း ဆရာတို့လည်း မသိဘူး။ အခု လတ်တလောဖြစ်နေတဲ့ ယားတာ၊ ရောင်တာ၊ အဖုအပိမ့်တွေပေါက်တာ ဒါတွေက နောက်ပိုင်း တော်တော်လေး တွေ့လာရတယ်။ ဥပမာ တက္ကစီကားမောင်းတဲ့သူတွေ၊ စတီယာရင် ညာမောင်းဆိုရင် ညာဘက်လက်၊ ဘယ်မောင်းဆိုရင် ဘယ်ဘက်လက်တွေဖြစ်တယ်၊ ဆိုင်ကယ်စီးတဲ့သူတွေဖြစ်တယ်၊ အထူးသဖြင့် နေပူထဲ အလုပ်လုပ်တဲ့သူ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေလိုဟာမျိုးလည်းဖြစ်တယ်။

ဒါက ဘာလို့ သိသိသာသာ ပိုဆိုးသလဲဆိုတော့ တစ်ဖက်ကလည်း နေရောင်ခြည်က ပိုပြီးတော့ ပြင်းလာတယ်၊ နေရောင်ခြည်ဆိုတာထက် အဲဒီနေရောင်ခြည်ထဲပါတဲ့ ခရမ်းလွန်ရောင်ခြည်တွေက ပိုပြီးတော့ အရေပြားနဲ့ ထိတွေ့မှုပိုများလာတယ်။ တစ်နည်းပြောရရင် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းပေါ့။ အဲဒီလို ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်တာတော့ မြင့်ပေါ့၊ ဒါပေမယ့် အကာအကွယ်မယူလို့ဖြစ်တာ။

ဆရာတို့လူမျိုးက နေရောင်ခြည်ကို ယဉ်ပါးနေတယ်။ နေရောင်ခြည်ကို မွေးကတည်းက တွေ့တာ၊ ပူပြင်းခြောက်သွေ့တဲ့နိုင်ငံဆိုတော့ နေရောင်နဲ့လည်း ယဉ်ပါးနေတော့ နေရောင်ခြည်ကို ကြောက်ရမှန်းမသိဘူး။ အဲဒီအချက်က နေရောင်ခြည်ရဲ့ ဆိုးကျိုးတွေလည်း သိပ်သတိမထားမိဘူး။ ဆရာတို့လည်း ငယ်ငယ်က နေပူထဲဘောလုံးကန်တာပဲ၊ ပျော်လို့တောင်နေသေးတယ်၊ ကြောက်ရမှန်းမသိဘူး။ အခုကျမှ လူထုက တဖြည်းဖြည်းနဲ့ ကြောက်ရမှန်း၊ ရှောင်ရမှန်းသိတာ။ မသိတဲ့လူတွေလည်း ရှိသေးတယ်။ အခုနေဘယ်လောက်ပဲပူပူ ထီးမပါဘဲသွားတဲ့သူတွေလည်း အခုထက်ထိကို ရှိနေသေးတယ်။ တစ်ဖက်ကလည်း နေရောင်ခြည်၊ ခရမ်းလွန်ရောင်ခြည်က ပိုပြီးတော့ ပြင်းပြင်းလာတယ်။ ပိုပြီးတော့ လူတွေအပေါ်ကို ကျရောက်မှုများလာတယ်။ အိုဇုန်းလွှာကြီး ပေါက်လို့ဆိုတာ ထားလိုက်ပါတော့။ ကျလာတဲ့အချိန်မှာ တစ်ဖက်ကလည်း လူတွေက အကာအကွယ်မယူတာပေါ့၊ လုံလောက်တဲ့ အကာအကွယ်မယူဘူး၊ ကြောက်ရမှန်းမသိဘူး၊ ရှောင်ရမှန်းမသိဘူး။ အဲဒီဟာကြောင့် နေရောင်ခြည်ကြောင့်ရတဲ့ အရေပြားပြဿနာတွေက ပိုများလာတယ်လို့ ဆရာယူဆတယ်။

မေး။ အခု ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုပြီး အရေပြားလိမ်းဆေးတွေ ဝယ်သုံးလာကြတာတွေ့ရပါတယ်။ ဆရာဝန်နဲ့ မတိုင်ပင်ဘဲ ဒီလိုဝယ်သုံးတာ ဆိုးကျိုးရှိနိုင်လား။

ဖြေ။ အဲဒီခရမ်းလွန်ရောင်ခြည်ကာကွယ်တဲ့ လိမ်းဆေးတွေက နှစ်မျိုးရှိတာပေါ့၊ တစ်ခုက ခြုံပြောမယ်ဆိုရင် နေရောင်ခြည်ခံလိမ်းဆေးပေါ့။ အဲဒီမှာ နှစ်မျိုးခွဲလို့ရတယ်။ တစ်ခုက ဓာတုဗေဒနေရောင်ခံဆေး၊ တစ်ခုက ရူပဗေဒနေရောင်ခံဆေးဆိုပြီးတော့ ရှိတယ်၊ ဆေးစကားနဲ့ပြောရရင် နည်းနည်းတော့ ရှုပ်သွားလိမ့်မယ်၊ ရူပဗေဒပစ္စည်းဆိုတာက နေရောင်ခြည်ကို အရေပြားမထိအောင် ဓာတ်ပစ္စည်းတစ်ခုနဲ့ ကပ်ထားပေးတာ၊ လိမ်းလိုက်တဲ့ဆေးက အရေပြားထဲကို ဝင်မသွားဘဲနဲ့ အရေပြားအပေါ်မှာပဲရှိတယ်။ သူက အရေပြားနဲ့ နေရောင်ခြည်ကြားမှာ ကြားခံပေးပြီးတော့ ကျလာတဲ့ နေရောင်ခြည်ကို ရောင်ပြန်ဟပ်သွားစေတယ်။ အဲဒီတစ်မျိုးက အန္တရာယ်ကင်းတယ်။ ခရမ်းလွန်ရောင်ခြည်ကို ရောင်ပြန်ဟပ်သွားစေတာ။ အရေပြားထဲ မရောက်အောင် ကာထားပေးတာ။ သနပ်ခါးလိုဟာမျိုး။ သနပ်ခါးလည်း အဲဒီလိုမျိုးပဲ။ နောက်တစ်ခုဖြစ်တဲ့ ဓာတုဗေဒနေရောင်ခံလိမ်းဆေးက အရေပြားကို လိမ်းလိုက်တဲ့အခါကျတော့ အရေပြားထဲစိမ့်ဝင်သွားတယ်။ အရေပြားထဲကိုဝင်လာတဲ့ ခရမ်းလွန်ရောင်ခြည်ကို သူက စုပ်လိုက်တာ။ စုပ်ပြီးတော့ အရေပြားထဲကို ရောက်မသွားအောင် သူက စုပ်ယူထားလိုက်တာ။ သူကတော့ ဓာတုဗေဒပစ္စည်းတွေပါတော့ ဓာတ်မတည့်တာတွေ ဖြစ်တတ်တယ်။ ဒါတော့ ရှားတော့ရှားပါတယ်၊ ဖြစ်တော့ ဖြစ်ခဲ့ပါတယ်။

ကိုယ့်ဟာကိုဝယ်လိမ်းတာက အန္တရာယ်ရှိတာမရှိတာထက် လိမ်းပုံလိမ်းနည်းမမှန်ရင် ပိုက်ဆံကုန်မယ်၊ အကျိုးမရှိဘူး။ ဘာလို့လဲဆိုတော့ လိမ်းပုံလိမ်းနည်းက နေထိမယ့်နေရာတွေကို ထူထူပျစ်ပျစ်လိမ်းရတယ်။ နေပူထဲမထွက်ခင် နာရီဝက်ကြိုလိမ်းရတယ်။ အခုလိမ်း အခုထွက်သွားလို့တော့ ဘာမှ မထူးဘူး။ တစ်ခါလိမ်းထားပြီးရင် အာနိသင်က အများဆုံး သုံးလေးနာရီပဲခံတယ်။ နောက်တစ်ကြိမ် တစ်ကျော့ပြန်လိမ်းရတယ်။

သင်္ကြန်ရေဆော့တော့မယ်ဆိုရင် Water Resistance ရေစိုခံတဲ့ နေရောင်ခံလိမ်းဆေးပေါ့။ အဲဒါသုံးရမယ်။ ရေစိုမခံတဲ့ ရိုးရိုးဟာတွေသွားသုံးရင် ရေထဲပျော်ဝင်သွားရင် သွားရော။ နေရောင်ခံလိမ်းဆေးတွေက ကောင်းတော့ ကောင်းတယ်၊ ကိုယ့်ဟာကိုဆိုရင် လိမ်းတတ်ဖို့လိုတယ်။ အညွှန်းတော့ပါတယ်၊ အင်္ဂလိပ်လိုရေးထားတယ်၊ အညွှန်းအတိုင်း သေသေချာချာ တိတိကျကျ လိမ်းရင် အကျိုးရှိတယ်။ လိမ်းတော့ လိမ်းတယ် အကျိုးမရှိတာက လိမ်းပုံလိမ်းနည်းမှားနေလို့ဖြစ်တာပါ။

မေး။ အရေပြားရောဂါတွေက အစားအသောက်ကြောင့် ဖြစ်တတ်ပါသလား။

ဖြေ။ တချို့က သူ့နဂိုက အရေပြားရောဂါအခံရှိတယ်။ ပြောရရင်အများကြီးပဲ။ အစားအသောက်နဲ့ ဆိုင်တော့လည်းဆိုင်တယ်။ ခုန ပြောတဲ့ အဖုအပိမ့်နဲ့ပတ်သက်ပြီးပဲ ပြောရရင် နေရောင်ခြည်နဲ့မတည့်တဲ့ နေရောင်ခြည်ကြောက်တဲ့ အရေပြားရောဂါတွေရှိတယ်။ ဒီဟာတွေကျတော့ နေပူထဲ အကာအကွယ်မပါဘဲသွားရင် ပိုဆိုးရော။ ဥပမာ အရက်သမားတွေ အရက်လောင်နာလို့ခေါ်တယ်။ လက်တွေမှာ လောင်တာ၊ အရက်ချိုးနာလို့ခေါ်တယ်။ သူက နေရောင်ခြည်ကြောက်တာ။ နောက်တစ်ခုက ဝက်ခြံ၊ ရေယုန်တို့၊ နောက်ပြီးတော့ အရေပြား လေးဖက်နာ။ လေးဖက်နာတွေ အများကြီးရှိတယ်။ ဒါက အရေပြား လေးဖက်နာ။ အဲဒီလိုရောဂါအခံရှိတဲ့သူတွေက နေပူထဲသွားရင် ပိုဆိုးတယ်။

မေး။ အခုဖြစ်နေတဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားရောဂါနဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဘာများ အကြံပြု ပြောချင်ပါသလဲ။

ဖြေ။ နေရောင်ရှောင်တဲ့ အလေ့အကျင့်မျိုး ဖြစ်သွားစေချင်တယ်။ တစ်ပွဲထိုးရှောင်တာ မဟုတ်ဘူးနော်။ "နေရောင်ခြည်ကို ရန်သူလို သဘောထားပြီး ကြောက်ရကောင်းမှန်းသိစေချင်တယ်" တတ်နိုင်သမျှ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အကာအကွယ်တွေ လုပ်ဆောင်ရမယ်။ ဘယ်လို အကာအကွယ်တွေဆိုတာတွေက ပြောပြီးသားပါ။ ရုပ်မြင်သံကြားကလည်း ကြေညာနေတယ်။ နေရောင်ရှောင်ဖို့ ကာကွယ်နိုင်မယ့် နည်းလမ်းတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ နေရောင်ခြည်ကို တတ်နိုင်သမျှ ထိတွေ့မှုနည်းအောင်လို့ လုပ်စေချင်တယ်။ အဲဒီလိုလည်း အလေ့အထဖြစ်သွားအောင် နေရောင်ရဲ့ဆိုးကျိုးတွေလည်းသိပြီး တတ်နိုင်သမျှ ကာကွယ်ရှောင်ရှားဖို့ ကြိုးစားစေချင်တယ်။ ။

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည် ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကိုဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

-အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။

-ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။

-အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သောအဝတ် ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

၁၃၇၄ ခုနှစ် မဟာသင်္ကြန် အကြိုနေ့ကို ရန်ကုန်မြို့ အနော်ရထာ လမ်းပေါ်ရှိ Skynet သင်္ကြန်မဏ္ဍပ်၌ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိရာ ဧပြီ ၁၃ ရက်က အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

၁၃၇၄ ခုနှစ် မဟာသင်္ကြန်အကျနေ့က လသာမြို့နယ် အနော်ရထာလမ်း (၁၉)လမ်းထိပ်ရှိ Skynet ရုပ်သံနှင့် ရွှေ FM ရေဒီယိုမဏ္ဍပ်၌ ရေကစားသူများဖြင့် စည်ကားလျက်ရှိစဉ်။
[ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)]

Psy ၏ အယ်လ်ဘမ်အသစ် ထွက်ရှိပြီး ၂၄ နာရီအတွင်း ပရိသတ် ၁၀ သန်းကျော်ရရှိ

တောင်ကိုရီးယားကြယ်ပွင့် Psy ၏ ကမ္ဘာ့ဂီတလောကကို လှုပ်ကိုင်နိုင်ခဲ့သည့် ဂမ်နမ်စတိုင်လ်တေးသီချင်းခွေ ထွက်ရှိပြီး ၎င်း၏ Gentleman အမည်ရှိ အယ်လ်ဘမ်ကို ဧပြီ ၁၂ ရက်က နိုင်ငံပေါင်း ၁၁၉ နိုင်ငံသို့ ဖြန့်ချိခဲ့ရာ ၂၄ နာရီအတွင်း ယင်းဗီဒီယိုဖိုင်အား ပရိသတ်ပေါင်း ၁၀ သန်းကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

“ဒီအယ်လ်ဘမ်မှာပါဝင်တဲ့သီချင်းတွေကို ရေးစပ်ရာမှာ ကမ္ဘာအနှံ့မှာရှိတဲ့ပရိသတ်တွေ လိုက်ဆိုလို့လွယ်ကူမယ့် ကိုရီးယား ဘာသာစကားလုံးတွေကို ရွေးချယ်စုဆောင်းထားပါတယ်။ သီချင်းတွေထဲမှာ အင်္ဂလိပ်သံစဉ်တွေရော၊ ကိုရီးယားသံစဉ်တွေပါ ပါဝင်ပါ တယ်”ဟု ပေါ့ပ်ကြယ်ပွင့် Psy က ဆိုသည်။

အဆိုပါအယ်လ်ဘမ်အသစ်နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုကိုလည်း ဧပြီ ၁၃ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြုလုပ်ခဲ့ပြီး ၎င်း၏အယ်လ်ဘမ်အသစ် မိတ်ဆက်ပွဲအခမ်းအနားအနေဖြင့် ဆိုးလ်မြို့တော်တစ်ဝန်း၌ ဖျော်ဖြေ ပွဲများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

ဇာတ်ကားသစ်ရိုက်ကူးရန် ပြင်ဆင်နေသည့် အော်စကာဆုရှင် အန်နီဟက်သ်ဝေး

မကြာမီကမှ အော်စကာဆုကို ပုပ္ပုနွေးနွေးရရှိဆွတ်ခူးထားခဲ့သူ ဟောလိဝုဒ်သရုပ်ဆောင် အန်နီဟက်သ်ဝေးက ယခုတစ်ဖန် The Dark Knight Rises ဇာတ်ကားဖန်တီးရှင် ဒါရိုက်တာ ခရစ္စတိုဖာနော်လန်နှင့် ဇာတ်လမ်းသစ် ရိုက်ကူးသွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ယင်းဇာတ်ကားတွင် အန်နီဟက်သ်ဝေးသည် Catwoman တစ်ယောက်အဖြစ်ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ပြီး ဇာတ်ကားနာမည်ကို Interstellar ဟု အမည်ပေးထားကြောင်းသိရသည်။ ထိုဇာတ်ကား၏ဇာတ်ဝင်ခန်းများတွင်လည်း ကမ္ဘာအနှံ့သို့ ခရီးသွားလာရသော ဇာတ်ဝင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်ထိ အမျိုးသားသရုပ်ဆောင်နေရာတွင် Matthew Mc Conaughey တစ်ဦးတည်းကိုသာ အတည်ပြုလျာထားလျက်ရှိပြီး ၎င်းက ကူးပါးအမည်ရှိဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး အခြားသောအချက်အလက်များကို ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမေရိကန်နိုင်ငံ၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး မလေးရှား၊ စင်ကာပူစသော နိုင်ငံများသို့ ဖြန့်ချိပြသရာတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် တစ်ပြိုင်တည်း ဖြန့်ချိပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

အော်စကာဆုရှင် ဟောလိဝုဒ် သရုပ်ဆောင် အန်နီဟက်သ်ဝေး

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေ

ရန်ကုန် ဧပြီ ၁၄

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းသို့ အဓိက ဝင်ပေါက်ကွန်ကရစ်လမ်းမှ ခရီးသည်တင်ယာဉ်များ၊ အငှားယာဉ်ငယ်များနှင့် ကိုယ်ပိုင်ယာဉ်အမျိုးမျိုး အဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။ ဂိတ်ဝင်ကြေးကောက်ခံရေးအဖွဲ့မှလည်း ယာဉ်ကြီးယာဉ်ငယ် မလွတ်တန်းကောက်ခံကြသည်။ သို့သော်လည်း ယင်းကွန်ကရစ်လမ်းပေါ်တွင် ယာဉ်အချို့ အချိန်ကြာမြင့်စွာ ရပ်တန့်ထားမှုများရှိလာကြောင်း၊ အဝေးပြေးကွန်ကရစ်လမ်းမကြီး ယာဉ်ပိတ်ခြင်းဖြစ်ပေါ်လာမည်ကို စိုးရိမ်နေရကြောင်း၊ တစ်နေ့ ဝင်းအတွင်း သုံးခေါက်လောက် ဝင်နေရသည့် အငှားယာဉ်မောင်းများက ပြောကြားနေပြီဖြစ်သောကြောင့် ကွန်ကရစ်လမ်းမကြီးပေါ် ယာဉ်ရပ်တန့်မှုမရှိစေရန် ထိန်းသိမ်းကြီးကြပ်ပေးရန်လိုအပ်နေကြောင်းရေးသားတင်ပြလိုက်ရပေသည်။

(ထွန်းဝင်း)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

ဝီဂန်အသင်း အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတက်

ဝီဂန်အသင်းနှင့် မီဝေါလ်အသင်းတို့၏ အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ်ကို ဧပြီ ၁၄ ရက် နံနက်ပိုင်းက ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်လိုစိတ်ပြင်းထန်မှုနှင့်အတူ ပရီမီယာလိဂ်ကလပ် ဝီဂန်အသင်းက ချန်ပီယံရှစ်ကလပ် မီဝေါလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဝီဂန်အသင်းသည် ယင်းပွဲစဉ်တွင် မက်မာနာမန်၊ မာလုံနီ၊ ဟင်နရီဂတ်စ်၊ ဂျော်ဒီဂိုမက်ဇ် စသည့် ကစားသမားများကို ၄-၄-၂ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ချန်ပီယံရှစ်ကလပ် မီဝေါလ်အသင်း၏ အိမ်ကွင်းတွင် ရောဘတ်တိုမာတီနက်ဇ်၏ ဝီဂန်အသင်းက အဝေးကွင်းသို့လာရောက်ကစားရသော်လည်း အကောင်းမွန်ဆုံးခြေစွမ်းဖြင့် ထိန်းချုပ်ကစားခဲ့ရာ ပွဲကစားချိန် ၂၅ မိနစ်တွင် မာလိုနီက တစ်ဂိုးနှင့် ၇၈ မိနစ်တွင် မက်မာနာမန်က တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ဝီဂန်အသင်းက မီဝေါလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၈၁ နှစ်တာ ကလပ်သမိုင်းတစ်လျှောက် ပထမဆုံးအနေဖြင့် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ဝီဂန်အသင်းနှင့် မီဝေါလ်အသင်းတို့ အက်ဖ်အေဖလားဆီမီးဖိုင်နယ် ယှဉ်ပြိုင်စဉ်။

အာဆင်နယ်နောက်ခံလူ ကိုစီအယ်လ်နီအား ဘိုင်ယန်မြူးနစ် မျက်စိကျနေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် နည်းပြပက်ဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်တော့မည်ဖြစ်ခြင်းကြောင့် နွေရာသီဈေးကွက်၏ ဦးစားပေးကစားသမားခေါ်ယူမှုအဖြစ် အာဆင်နယ် နောက်တန်းကစားသမား ကိုစီအယ်လ်နီကို မျက်စိကျလျက်ရှိကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်း၏ ဗဟိုခံစစ်မှူး ဘူတန်အားဆုံးရှုံးမည်ဟု မျှော်လင့်ထားပြီး နည်းပြသစ်ဂွါဒီယိုလာ၏ ကစားသမားကိုင်တွယ်ပုံနှင့် အသင့်တော်ဆုံးဖြစ်မည့် ကစားသမားများကို ခေါ်ယူရန်ဆန္ဒပြင်းပြလျက်ရှိသည်။

ထို့ကြောင့် ဂွါဒီယိုလာ၏ စပိန်မြေ၌ တာဝန်ယူခဲ့သည့် နောက်ဆုံးဘောလုံးရာသီတွင် ခေါ်ယူရန် စိတ်ဝင်စားခဲ့သည့် နောက်ခံလူ ကိုစီအယ်လ်နီအား ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူလိုခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသက်(၂၇)နှစ်အရွယ်ရှိ ကိုစီအယ်လ်နီအပြင် ဒေါ့မွန်နောက်တန်းကစားသမား မက်ဟမ်မဲလ်ကိုလည်း ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ပရီမီယာလိဂ်ပွဲကျန်ရှင်ခုန်သံ

ရှိုင်းမင်းမင်း

(ယမန်နေ့မှအဆက်)

ဝက်စ်ဟမ်း - မန်ယူ နံနက် ၁း၁၅(၁၈-၄-၁၃)

ပထမအကျော့ရလဒ် မန်ယူ ၁ - ၀ ဝက်စ်ဟမ်း

အက်ဖ်အေဖလားပြိုင်ပွဲမှာ ဒီနှစ်သင်းဆုံခဲ့တုန်းက ဝက်စ်ဟမ်းဟာ မန်ယူကို အိမ်ကွင်းမှာသရေကစားနိုင်ခဲ့တာကို သတိပြုရပါလိမ့်မယ်။ မန်ယူအနေနဲ့ ချန်ပီယံဖြစ်ဖို့ သေချာမှုရှိဖို့ အဝေးကွင်းမှာ ပွဲကိုဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့် လက်ရှိအချိန်မှာ ဗန်ပါစီဂိုးသွင်းခြေကျဆင်းမှုနဲ့အတူ အဆုံးသတ်ပိုင်း အားပျော့နေပါတယ်။ ဝက်စ်ဟမ်းက တန်းမဆင်းရဖို့ လုံလောက်တဲ့အမှတ်မရသေးတဲ့အတွက် ခံကစားလာမှာဖြစ်သလို ဝက်စ်ဟမ်းက အိမ်ကွင်းပွဲတွေမှာလည်း ကစားပုံ ပိုမိုကောင်းမွန်တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် မန်ယူအနေနဲ့ ဒီပွဲမှာမထင်မှတ်ဘဲ ရှုံးကန်ရနိုင်တယ်။

ဖူလ်ဟမ် - ချယ်လ်ဆီး နံနက် ၁း၁၅(၁၈-၄-၁၃)

ပထမအကျော့ရလဒ် ချယ်လ်ဆီး ၀ - ၀ ဖူလ်ဟမ်

လန်ဒန်ဒါဘီပွဲစဉ်ဖြစ်လို့ အကြိတ်အနယ်ရှိမှာပါ။ လက်ရှိအချိန်မှာ ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အရေးပါ နေချိန်ဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားလာဖို့ရှိပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးဟာ အက်ဖ်အေဖလားပွဲမှာ မန်စီးတီးနဲ့ ကစားခဲ့ရလို့ ပွဲပန်းမှုရှိလာနိုင်သလို တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်ပါဘူး။ ဖူလ်ဟမ်ကတော့ အသင်းလိုက်ကစားပုံ အားကောင်းမှုရှိသလို အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုမိုတည်ငြိမ်မှုရှိပါတယ်။ ဘာဘာတော့ဗ်နှင့် ရစ်တို့ရဲ့ တိုက်စစ်ပိုင်းကလည်း ထိုးဖောက်ကစားအားကောင်းမွန်မှုရှိနေတာကြောင့် ချယ်လ်ဆီးကို တုံ့ပြန်ဖိအားပေးနိုင်မှာပါ။

နောက်ဆုံးခုနစ်မိနစ်အတွင်း သုံးဂိုးသွင်းကာ အာဆင်နယ် နော့ဝှစ်ချ်ကို အနိုင်ယူ

နိုင်လင်းကြည်

ပရီမီယာလိဂ်ပွဲစဉ် (၃၂)ပွဲစဉ်များကို ဧပြီ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမ်းမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့သော အာဆင်နယ်အသင်းနှင့် နော့ဝှစ်ချ်အသင်းတို့၏ ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် မျှော်မှန်းလျက် ခြေကုန်ထုတ်ကစားခဲ့ရာ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရသည်။

သို့ရာတွင် အာဆင်နယ်အသင်းသည် ခြေကုန်ထုတ်ကစားခဲ့သော်လည်း ဧည့်သည် နော့ဝှစ်ချ်အသင်းဘက်ကို ဂိုးမသွင်းနိုင်ဘဲ ပွဲကစားချိန် ၅၆ မိနစ်တွင် ဧည့်သည်အသင်း၏ အဖွင့်ဂိုးသွင်းယူမှုကို ခွင့်ပြုပေးလိုက်ရသည်။

ထိုအချိန်မှစ၍ ပြိုင်ပွဲသည် ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ပြီး အာဆင်နယ်ကစားသမားများ ချေပဂိုးနှင့် အနိုင်ဂိုးရရှိရေးအတွက် အကောင်းဆုံးကစားခဲ့ရာ ပွဲကစားချိန် ၈၅ မိနစ်တွင်ရရှိခဲ့သည့် ပင်နယ်တီမှ တစ်ဆင့် အာတီတာက တစ်ဂိုး၊ ၈၈ မိနစ်တွင် ဂီရောက်က တစ်ဂိုးနှင့် မိနစ် ၉၀ တွင် ပိုဒေါစကီးက တစ်ဂိုး စသည်ဖြင့် နောက်ဆုံးခုနစ်မိနစ်အတွင်း သုံးဂိုးထပ်မံသွင်းယူကာ အာဆင်နယ်အသင်းက နော့ဝှစ်ချ်အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ပရီမီယာလိဂ်ပွဲစဉ် (၃၂)ပွဲစဉ်တွင် နော့ဝှစ်ချ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အာဆင်နယ်ကစားသမားများ အောင်ပွဲခံစဉ်။

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်
Thingyan Special Promotion
ပန်းလှိုင်ဆေးရုံကြီး မှ မြန်မာ့နှစ်သစ်ကူးပွဲတော်ကို ကြိုဆိုသောအားဖြင့်
ဧပြီလ အတွင်း ကျန်းမာရေးစစ်ဆေးမည့်သူများအတွက်ကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်များကို
အထူးလျှော့ဈေးဖြင့်ပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
April 1st ~ 30th Only
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

မယ်လမုချောင်းအတွင်း လူသေအလောင်းတွေ့ရှိ

ရန်ကုန် ဧပြီ ၁၄

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနောက်ဘက်ရှိ မယ်လမုချောင်းတွင် လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနောက်ဘက်ရှိ မယ်လမုချောင်းတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ)အသက် (၃၀) နှစ်ခန့်ရှိ လူသေအလောင်း တစ်လောင်းတွေ့ရှိကြောင်း သတင်းအရ မြောက်ဥက္ကလာပရဲစခန်းမှ ရဲအုပ်ညီညီလွင်၊ ရဲကင်းမှူး ရဲတပ်ကြပ်ကြီး ကျော်ဇင်လတ်၊ (၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးပြီး အလောင်းအား မြောက်ဥက္ကလာပဆေးရုံသို့ပို့ကာ PR-၁၄ ဖြင့်လက်ခံပြီး မြောက်ဥက္ကလာပ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၉/၂၀၁၃ အရ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

လိုင်းကားပေါ်မှအဆင်း လမ်းဖြတ်ကူးသည့် ကလေးငယ် ယာဉ်တိုက်မှုကြောင့် သေဆုံး

ရေတာရှည် ဧပြီ ၁၄

မုံရွာမြို့မှ ရေတာရှည်မြို့နယ် ဆွာမြို့သို့သင်္ကြန်အခါအတွင်း မိသားစုလိုက် လိုင်းကားဖြင့် စီးနင်းလိုက်ပါလာစဉ် မမိုးမိုးသူ(၈)နှစ်မှာ ဆွာမြို့စက်ရုံ ပရိယတ္တိစာသင်တိုက် ကျောင်းရှေ့အရောက် လိုင်းကားပေါ်မှ အောက်သို့ဆင်းပြီး ကားလမ်းအနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်ကူးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ယာဉ်မောင်း အောင်မျိုးဆွေ မောင်းနှင်သည့် သစ်ခွဲသားများ တင်ဆောင်ထားသော အီစူဇူ ခြောက်ဘီး ယာဉ်က တိုက်မိပြီး ဖြတ်ကြိတ်သွားခဲ့သဖြင့် မမိုးမိုးသူမှာ ဦးခေါင်းကြေမွဒဏ်ရာ၊ ဝမ်းဗိုက်ပွန်းပဲ့ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဖြစ်စဉ်မှာ မိဘအုပ်ထိန်းသူများအနေဖြင့် ယာဉ်အသွားအလာ ရှုပ်ထွေးသော ယခုအချိန်တွင် သတိပြုရန်လိုအပ်ကြောင်း အများက သုံးသပ်လျက်ရှိပြီး အမှုအား ဆွာရဲစခန်းက ယာဉ်(ပ) ၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၅၇၈)

ဆိုင်ကယ်ဘီးပေါက်၍ တိမ်းမှောက် နောက်မှစီးသူ ကွန်တိန်နာကားကြိတ်သေဆုံး

မလှိုင် ဧပြီ ၁၄

မလှိုင်မြို့ မိတ္ထီလာ-မြင်းခြံသွားကားလမ်း မိုင်တိုင်အမှတ်(၁၅/၁)အနီး၌ ဧပြီ ၁၁ ရက်က မိတ္ထီလာမြို့မှ မလှိုင်မြို့သို့ မြင့်ဆွေ(၃၄)နှစ်နှင့် နောက်မှလိုက်ပါလာသူ မင်းမင်း(၃၂)နှစ်တို့ စီးနင်းလာသော ၁၈ ယ/--- နယူးကမ်ဘို 125 ဆိုင်ကယ်ရှေ့ဘီးပေါက်၍ တိမ်းမှောက်စဉ် မိတ္ထီလာမြို့သို့ ယာဉ်မောင်း သိုက်ထွန်း(၃၃)နှစ် မောင်းနှင်လာသော ၃၀/--- NISSAN ကွန်တိန်နာ အပြာရောင် နောက်တွဲယာဉ်က မင်းမင်း၏ ဦးခေါင်းကို ကြိတ်မိသဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်း သိုက်ထွန်းနှင့် ဆိုင်ကယ်စီးသူ မြင့်ဆွေတို့အား မလှိုင်ရဲစခန်းက ယာဉ်(ပ) ၃/၂၀၁၃၊ ပုဒ်မ ၃၀၄ (က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

(၁၁၁)

စိတ်ဖောက်ပြန်သူ ကြိုးဆွဲချသေဆုံး

မြောင်းမြ ဧပြီ ၁၄

မြောင်းမြမြို့နယ် အတွင်းလေးဘက်တွားကျေးရွာ၌ ဧပြီ ၉ ရက် ည ၉ နာရီခန့်တွင် လူတစ်ဦးကြိုးဆွဲချသေဆုံးနေကြောင်း သတင်းအရ မြောင်းမြရဲစခန်းမှ ဒုရဲအုပ်အောင်ရည်သွေးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူ သန်းမြင့် (၅၀)နှစ် အတွင်းလေးဘက်တွားကျေးရွာနေသူသည် နေအိမ်အနောက်ဘက်အခန်းတွင်၌ ပြင်ပဒဏ္ဍာကိုယ်ဒဏ်ရာမရှိကြိုးဆွဲချသေဆုံးနေကြောင်း၊ အဆိုပါ ကြိုးဆွဲချသေဆုံးသူမှာ မကြာခဏစိတ်ဖောက်ပြန်တတ်သူဖြစ်ကြောင်း သိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိရန် မြောင်းမြရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိသည်။

(ပုသိမ်လှကြည်)

ဘိုကလေး၌ ယာဉ်တိမ်းမှောက် နှစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

ဘိုကလေး ဧပြီ ၁၄

ဘိုကလေးမြို့နယ် ကံစုရွာမိုင်တိုင်(၁၆/၇)နှင့် (၁၇/၀)အကြား၌ တက္ကစီယာဉ်တစ်စီး တိမ်းမှောက်၍ နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မှ ဘိုကလေးသို့ယာဉ်မောင်း ရဲဝင်းထွန်း အသက် (၂၅)နှစ် မောင်းနှင်လာသော ယာဉ်အမှတ် ၆ဧ/--- တက္ကစီယာဉ်သည် ဘိုကလေးမြို့နယ် ကံစုရွာမိုင်တိုင် (၁၆)နှင့် (၁၇)အကြား၌ ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

ကားပေါ်ပါ ယာဉ်မောင်းအပါအဝင် ခုနစ်ဦးအနက် မောင်ပြည့်စုံလှိုင် အသက်(၂၅)နှစ် ဒုတိယလမ်း (၅) ရပ်ကွက် ဘိုကလေးမြို့နေသူနှင့် မဖြူဖြူ အသက်(၂၅)နှစ် အောင်သပြေ (၇) လမ်း (၈)ရပ်ကွက် ဘိုကလေးမြို့နေသူတို့နှစ်ဦးမှာ သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူ သုံးဦးအနက် ယာဉ်မောင်းမှာ ဒဏ်ရာ ပြင်းထန်ကြောင်း သိရသည်။

(၁၇၂)

သစ်ထုတ်လုပ်ရေးလမ်းလုပ်ငန်းခွင်၌ ဒိုဇာယာဉ်ပြုတ်ကျပြီး မောင်းနှင်သူသေဆုံး

ရေတာရှည် ဧပြီ ၁၄

ဧပြီ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ အနောက်ဘက် မိုင် ၄၀ ကွာဝေးသော ဝုဝေါကမ္ဘာဝိုင်းသစ်ကွင်းအမှတ်(၈) သစ်ထုတ်လုပ်ရေးလမ်း ဖောက်လုပ်နေသော TT-13 D-7 G (CAT) အမျိုးအစား ဒိုဇာယာဉ်အား ကိုမိုက်ကယ်(၃၇)နှစ် ဒေါကူးကျေးရွာ လှိုင်ကော်မြို့နေသူ မောင်းနှင်နေစဉ် မြေကမ်းပါးပြိုကျပြီး ဒိုဇာယာဉ်နှင့်အတူ ချောက်ထဲသို့ ပြုတ်ကျသွားသဖြင့် ယာဉ်မောင်းသူမှာ ဒိုဇာယာဉ်နှင့်ထိခိုက်မိပြီး ဝဲလက်မောင်းမှ တံတောင်ဆစ်ထိ ကြေမွဒဏ်ရာ၊ ယာရင်အုံ့ညိုမည်းဒဏ်ရာ၊ ရင်ဘက်နှင့်ဝဲနံဘေးဆုတ်ပြဲဒဏ်ရာ၊ ဝဲခြေကျင်းဝတ်ပေါက်ပြဲဒဏ်ရာ၊ ဝဲခြေသလုံး ပေါက်ပြဲဒဏ်ရာ၊ ညာခြေသလုံး ညိုမည်းဒဏ်ရာများရရှိ၍ ဆေးရုံသို့တင်ပို့စဉ် လမ်း၌ သေဆုံးခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာရဲစခန်းက ယာဉ်(ပ) ၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့်အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၅၇၈)

GOLDEN STAR Travels & Tours
Apr-12
Apr-12
Apr-12
Apr-12
Apr-12,13,17
Ph: 209200, 544383, 430480, 703448, 09-5001500

ရွှေလမ်းခရီး
April 17,19,26
371317, 095124678, 094015 89907

NEW WAY
09732 38655, 0973217877

MAR -15/22/25/29, APR-5/11/12
Ph : 241863, 380141, 09-43043109

ရွှေထိပ်တန်း
ချောင်းသာ
ငွေဆောင်
01-710436, 701015, 095403844, 09-5044830

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph-209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 66000

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ကျိုက်ထီးရိုး/ချောင်းသာ
0973198239, 0973163530

BLT
ကျိုက်ထီးရိုး 10000
ချောင်းသာ 12000

သင်္ကြန်ကား
392086 , 09 5503817

ဆင်မြဲတော်

သင့်သွေးဖြင့် အသက်ကယ်ပါ

သိန်းမင်း
ကားရောင်းဝယ်ရေး
Auction Import Permit
250L 160L 135L 145L

စစ်ကိုင်းမြို့နယ် စကျင်ကျေးရွာသို့ ရေများလှူဒါန်း

စစ်ကိုင်း ဧပြီ ၁၄

သောက်သုံးရေ ရှားပါးသော စစ်ကိုင်းမြို့နယ် စကျင်ကျေးရွာသို့ ရေများသွားရောက်လှူဒါန်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၇ နာရီတွင် စကျင်ကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်ဝင်း အတွင်း၌ ကျင်းပသည်။**(ဝဲပုံ)**

ရှေးဦးစွာ ပုဗ္ဗာရုံကျောင်းတိုက် အတွင်းရှိ ဓမ္မာရုံ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲတွင် ပုဗ္ဗာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဘိဇယက သြဝါဒမြွက်ကြားကာ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေက ရေရှားပါးသော ကျေးရွာများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက သောက်သုံးရေအခက်အခဲ ပြေလည်စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးပြီး စစ်ကိုင်းမြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းအောင်က နွေရာသီတွင် ရေရှားပါးသော ကျေးရွာများအား သောက်သုံးရေ ပြေလည်စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး ကျေးရွာရေရရှိရေးကော်မတီဝင် ဦးသိန်းဝေက ကျေးဇူးတင်စကား ပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများအား ဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒက လှူဒါန်းသည့် ရေသယ်ယာဉ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှလှူဒါန်းသည့် ရေသယ်ယာဉ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ် သုံးစီးဖြင့် ရေဂါလန်ပေါင်း ၂၄၀၀ အား လှူဒါန်းရာ ကျေးရွာပြည်သူများက အားရဝမ်းသာစွာဖြင့် ရွာလုံးကျွတ်ရေပုံးများဖြင့် လာရောက်ယူကြကြောင်း တွေ့ရသည်။

ရေလှူဒါန်းပွဲသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ သုခကာရီ ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများနှင့်အသင်းဝင်များ၊ မြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြို့မိ မြို့ဖ) အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စကျင်ကျေးရွာသည် အိမ်ခြေ ၂၀၇၊ အိမ်ထောင်စု ၂၂၃၊ လူဦးရေ ၁၁၂၁ ဦးနေထိုင်သော ကျေးရွာဖြစ်ပြီး ရွာတွင်ရှိသော မိုးရေလှောင်ကန်ကြီးများ၊ လက်တူးတွင်းများ၊ လက်နှိပ်တွင်းများမှ ရယူသုံးစွဲသည့် ရေများမှာ ရေငန်၊ ရေပေါ့များဖြစ်ခြင်း၊ နွေရာသီတွင် ရေကန်များခန်းခြောက်သွားသည့်အတွက် သောက်သုံးရေရှားပါးခြင်းနှင့် တွေ့ကြုံရပြီး စကျင်ကျေးရွာနှင့် သုံးမိုင်ခန့်ကွာဝေးသော ရွှေမင်းဝံရပ်ကွက်သို့ ထော်လာဂျီများဖြင့် သွားရောက်ဝယ်ယူသုံးစွဲရသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရေပြတ်လပ်သည့်ကာလတွင် ရေများသွားရောက်သယ်ယူရန် လိုအပ်သော ဒီဇယ်ဆီများကို မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်များက ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၂၅)

လယ်ဝေးမြို့နယ်မှ ထွက်ရှိသော အုန်းသီးများ မန္တလေးမြို့သို့တင်ပို့ ဈေးကောင်းရရှိ

နေပြည်တော် ဧပြီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သည် စိုက်ပျိုးသီးနှံစုံ အများအပြားထွက်ရှိသော ဒေသတစ်ခုဖြစ်ရာ နေ့စဉ် စားသောက်ကုန်စိမ်းသီးနှံများဖြစ်သော ပဲ၊ ပြောင်း၊ စပါး၊ ကြက်သွန်၊ ပဲမျိုးစုံ၊ ပန်းဂေါ်ဖီ၊ ပန်းမုန်လာ၊ ဖရုံစသည့်အခြေခံစားကုန်များအပြင် အုန်းပင်အများစုတည်ရှိရာ ဒေသတစ်ခုထဲတွင် လယ်ဝေးမြို့နယ်သည် အဓိကပါဝင်ပေသည်။

လယ်ဝေးမြို့၏ တောင်ဘက်တွင်ရှိသော ကြောင်ရေ၊ သပြေပင်၊ နောင်ဘို၊ မြွေရိုးလေး၊ ဝဲကြီးနှင့် သဲကောကြီးစသည့် ကျေးလက်ဒေသများရှိ ခြံဝင်းအများစုတွင် အုန်းပင်နှစ်ရှည်ပင်စိုက်ပျိုးထားရှိပြီး အထက်မြန်မာပြည် မန္တလေးမြို့မှ အုန်းသီးအရောင်းအဝယ်ကုန်သည်များသည် လယ်ဝေးမြို့နယ်သို့ ကိုယ်တိုင်လာရောက်၍ အုန်းစိုက်ပျိုးသူများထံ ဝယ်ယူပြီး ၁၀ ဘီးကားဖြင့်စင်းလုံးပြည့် တင်ဆောင်ကာ မန္တလေးမြို့တွင် တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရောင်းချကြောင်း သိရ၍ အဆိုပါ အုန်းသီးဝယ်ကုန်သည်အားမေးမြန်းကြည့်ရာ “အုန်းစိုက်ပျိုးခြံတွေကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဝယ်ယူပါတယ်၊ အုန်းသီးဝယ်ယူရာတွင် အုန်းသီးအရွယ် အသေးအကြီး လှပမှုပေါ်မူတည်ပြီး တစ်လုံးကျပ် ၇၀ မှ ကျပ် ၁၀၀ ထိ ဝယ်ယူရကြောင်း၊အိမ်တိုင်းစေ့ လိုက်လံဝယ်ယူစုဆောင်းပြီး ၁၀ ဘီးကားတစ်စီးတိုက် အလုံးရေပြည့်မီပါက မန္တလေး ဈေးကွက်တွင် တစ်ဆင့်ပြန်လည် ဖြန့်ဖြူးရကြောင်း၊ မန္တလေးဈေးကွက်တွင် အုန်းသီးအရင့် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ကျပ် ၄၀၀ ထိ ပြန်လည် ရောင်းချရကြောင်း၊ ပျမ်းမျှအားဖြင့် ကျပ် ၃၅၀ ရရှိကြောင်း ဝယ်ရောင်း ပြုလုပ်သူ ကိုအောင်လင်းက ရှင်းပြသည်။**(ယာပုံ)**

အုန်းသီးဈေးကွက်သည် တပေါင်း၊ တခူး၊ ကဆုန်လများတွင် ဈေးမြင့်လျက်ရှိသည်။ ထိုလများသည် နွေရာသီဖြစ်သည့်အားလျော်စွာ မြန်မာလူမျိုးများ၏ ရှင်ပြုနားသအလှူပွဲများတွင် အုန်းသီးသည် မဖြစ်မနေ ပါဝင်အသုံးပြုရသောကြောင့် ဈေးမြင့်တက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်ဆင့်ရှင်းပြသည်။

သူဇာလှိုင်(မန်းတက္ကသိုလ်)

တန်ဖိုးနည်းဖုန်းနှင့် ပြည်သူ့အသံများ

နေပြည်တော် ဧပြီ ၁၄

ယခုရက်ပိုင်းအတွင်း ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက်၌ ရောင်းချပေးမည့် တန်ဖိုးနည်းဖုန်းကတ် (Sim Card) များကြောင့် ပြည်သူများရင်ထဲတွင် ဝမ်းသာပီတိဖြစ်မှုနှင့်အတူ ဖြစ်ပေါ်ခံစားနေရသည်ကတော့ ဟန်းဆက်တွေဈေးတက်မလား၊ ဖုန်းလိုင်းတွေလိုင်းကျပ်မလား၊ ဖုန်းခေါ်ဆိုခနှုန်းထား တိုးမြှင့်ကောက်ခံမလား၊ အင်တာနက်သုံးစွဲလို့ အဆင်ပြေပါ့မလား ဆိုတဲ့အတွေးများကြောင့် စိုးရိမ်မှုတွေ ဖိစီးလျက်ရှိသည်။

၂၀၁၃ ခုနှစ် မတ် ၂၉ ရက်တွင် တန်ဖိုးနည်းဖုန်းကတ်ရောင်းချရေး ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်သမ္မတကြီးပြောကြားသည့် မိန့်ခွန်းတွင် ဖုန်းလိုင်းများကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လိုင်းရှစ်သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လိုင်း ၁၈ သန်း စုစုပေါင်းလိုင်းများ ၂၆ သန်းတိုးချဲ့တပ်ဆင်သွားရန်နှင့် သိပ်သည်းဆများအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၅၀ရာခိုင်နှုန်းဖြစ်အောင် လျာထားကြောင်း မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်သူများက (GSM)ဖုန်းများကိုသာရောင်းချပေးမည်ဟု မူလကထင်ထားကြသော်လည်း GSM-3Gအမျိုးအစားဖြစ်သော WCDMA-3G နှင့် CDMA-800MHz ဖုန်းများကို ဦးစားပေးရောင်းချသွားမည်ဟု ကြားသိပြီးနောက်GSMဖုန်းထက် CDMAဖုန်းက လိုင်းပိုမိတယ်လို့ ယူဆပြီး CDMAဝယ်ထားသူများက CDMA ဖုန်းလိုင်းထပ်မံတိုးချဲ့ချပေးမည်ဆို၍ ဖုန်းလိုင်းကျပ်မှာစိုးရိမ်ပြီး အင်တာနက်သုံးစွဲလို့အဆင်ပြေပါ့မလားစိုးရိမ်နေကြပြန်သည်။

နိုင်ငံတော်မှ ဖုန်းကတ်များကို ကျပ် ၁၅၀၀ ဖြင့်ရောင်းချပေးသွားမည်ဖြစ်ရာ ပြည်သူများမျှော်မှန်းထားသည်ထက် ဈေးနှုန်းကွာခြားချက်ကြောင့် ဖုန်းခေါ်ဆိုခများကို ဈေးတိုးမြှင့်ကောက်ခံမလား၊ ဟန်းဆက်ဈေးတက်သွားမလားစသည့် ထင်ကြေးသတင်းများ ပြည်သူများကြားပျံ့နှံ့လျက်ရှိသောကြောင့် ပြည်သူများ စိတ်ဖိစီးမှု ရင်ဝယ်ပိုက်ထားရသည်ကို သတင်းကြားသိရသည်။ **(ကျော်သူရ)**

မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာတွင် ကျွဲ၊ နွား တရားမဝင်သယ်ဆောင်သူများအား ဖော်ထုတ်အရေးယူ

မုံရွာ ဧပြီ ၁၄

မုံရွာမြို့နယ်ညောင်ဖြူပင်ကျေးရွာ ညောင်ဖြူပင်ရဲစခန်းအပိုင် နယ်မြေအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၉ ရက် ည ၇ နာရီခန့်တွင် တရားမဝင်သယ်ဆောင်လာသော နွားများအား သတင်းအရ ဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ၊ ဆူးလေကုန်းကျေးရွာနှင့် ရွှေလှေကျေးရွာများမှ ခိုင်းနွားလတ်များအား ဝယ်ယူ၍ ရွှေဘိုခရိုင် တန့်ဆည်မြို့သို့ တရားမဝင် ခရိုင်ကျော် သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် အသင့်စောင့်ဆိုင်းလျက်ရှိရာ ဦးမောင်ရှိန်အပါအဝင် လူငါးဦးသည် ခိုင်းနွား ၁၂ ကောင် ကာလတန်ကြေး ငွေကျပ် ၁၂ သိန်းခုနစ်သောင်းခန့်အား တရားဝင်ခွင့်ပြုချက်မရရှိဘဲ သယ်ဆောင်လာသည့်အတွက် အရေးယူခဲ့ကြောင်း သိရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ မုံရွာမြို့အမှတ်(၁)ရဲစခန်းမှ (ပ) ၂၃၆/၂၀၁၃၊ အရေးကြီးကုန်ပစ္စည်းဝန်ဆောင်မှု ပုဒ်မ ၅ အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၂၉)

သဲကုန်းမြို့၌ အောင်သုခ တံတား ဖွင့်ပွဲကျင်းပ

သဲကုန်း ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဝက်ပုတ်ကြို့ပင်သာအုပ်စု ဝက်ပုတ်ရွာမတွင် ကိုယ့်အားကိုယ်ကိုး အောင်သုခတံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းအောင်၊ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ရပ်မိရပ်ဖဦးကြည်ဝင်းတို့က တံတားအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

မောင်မျိုး(ပြည်)

မြို့ရွာအေးချမ်းသာယာရေး၊ ကျေးရွာဖွံ့ဖြိုးရေး တစ်လတစ်ကြိမ် ဆွေးနွေး

လင်းခေး ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်ဦး၊ မြို့မိမြို့ဖများ၊ မြို့နယ်တွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ တွေ့ဆုံကာ မြို့ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တစ်လလျှင်တစ်ကြိမ် ညှိနှိုင်းဆွေးနွေးသည့်ပွဲကို ကျင်းပသည်။

စိုင်းဇော်လတ်(လင်းခေး)

၁၀၅ မိုင်(မိုင်းယု)တွင် ကုန်တင်ယာဉ်များ စည်းကမ်းမဲ့စွာ လမ်းဘေးရပ်နားညအိပ်

မူဆယ် ဧပြီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင်တွင် ကုန်တင်ယာဉ်များ စည်းကမ်းမဲ့စွာ လမ်းဘေးညအိပ်ရပ်နားနေကြောင်း သိရသည်။

အဆိုပါ မိုင်းယု (၁၀၅)မိုင်တွင် ကုန်တင်ယာဉ်များ စည်းကမ်းမဲ့စွာ လမ်းဘေးညအိပ်ရပ်နားနေခြင်းကြောင့် မဖြစ်ပွားသင့်သော ပြစ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် မတ် ၂၈ ရက် နံနက် ၃ နာရီတွင် ဝန်ထမ်းဟန်ဆောင်သူ လူတစ်ဦးက ညအိပ်ရပ်နားခ လိုက်လံလိမ်ညာကောက်ခံခြင်းကြောင့် ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုကိစ္စအားမူဆယ်မြို့နယ်ရဲစခန်းမှ လိုက်လံဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

နောက်ဆက်တွဲကိစ္စရပ်မှာ ယာဉ်ရပ်နားစခန်းနှစ်ကွင်းမှ တာဝန်ခံမန်နေဂျာက “ကျွန်တော်တို့ယာဉ်ရပ်နားရေးကွင်းက လုံခြုံရေးအပြည့်အဝရှိပြီး တည်းခိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းအပြည့်အစုံရှိရက်သားနဲ့ ကုန်တင်ယာဉ်တွေက ဝင်မရပ်နားဘူး၊ တစ်ညဝင်ရပ်နားမှ ကျပ် ၂၀၀၀ ပဲ ကုန်တာလေ၊ ပြီးတော့ လုံခြုံစိတ်ချရမှုရှိတယ်။ လုံခြုံရေးကင်းစောင့်ရှိတယ်။ စားသောက်ဆိုင်ရှိတယ်။ တည်းခိုဆောင်အပြည့်အဝရှိတယ်။ အဲဒါတွေ ရှိရက်သားနဲ့ လမ်းဘေးမှာ စည်းကမ်းမဲ့စွာ ရပ်နားညအိပ်တော့ အခုလို ပြစ်မှုတွေဖြစ်ပွားတာပေါ့။ ဒီကိစ္စကို မူဆယ်မြို့နယ်စည်ပင်သာယာရေးနှင့် မော်တော်ယာဉ်ထိန်းသိမ်းရေးမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိထိရောက်ရောက် ထိန်းသိမ်းပေးစေချင်တယ်”ဟု ပြောသည်။

မိုင်းယု (၁၀၅) မိုင်တွင် ကုန်တင်ယာဉ်များ စည်းကမ်းမဲ့စွာ လမ်းဘေးရပ်နား ညအိပ်နေခြင်းကြောင့် လမ်းပိတ်ဆို့ခြင်း၊ လုံခြုံစိတ်ချရခြင်း မရှိကြောင်း မိုင်းယု (၁၀၅) မိုင် ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

မောင်နေမင်း(မူဆယ်)

ပြဿဒါးဆိုတိုင်း တွန့်မသွားပါနှင့်

မောင်တွေးမြင်သည် မြန်မာနှစ်သစ်ကူးကာလကို သဘောကျနှစ်သက်သူဖြစ်ပေသည်။

နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသော သင်္ကြန်ကာလနီးကပ်လာသည်နှင့် ဥဩငှက်သံကြားရသည်။ ကံ့ကော်ပွင့်တွေမြင်ရသည်။ ပွင့်လာတော့မည့် ပိတောက်ကို မျှော်ရပြီ။

သင်္ကြန်ရက်များနှင့် ပိတောက်ပွင့်သောရက်တိုက်ဆိုင်သော နှစ်များဆိုလျှင် ပျော်မဆုံးတော့ပြီ။ သင်္ကြန်ရေစိုရွှဲသောလမ်းမများပေါ်တွင် ပိတောက်ပွင့်ကလေးတွေအစီအရီ၊ ပိတောက်လမ်း လျှောက်လှမ်းဖို့ ဖြစ်သွားတော့သည်။

ပိတောက်ရနံ့သင်းသင်းကလည်း သင်္ကြန်၏သင်းရနံ့တစ်မျိုးပင်ဖြစ်သည်။

သင်္ကြန်သီချင်းများ၊ သံချပ်များလည်း ကြားကြရတော့မည်။ သင်္ကြန်မိုးကလေးတစ်ပြိုက် နှစ်ပြိုက်ကလည်း ရွာချင်ရွာပေမည်။ သင်္ကြန်မိုးကို ပိတောက်ဖူးကလေးတွေကလည်း မျှော်နေမြဲဖြစ်ပေ၏။

မောင်တွေးမြင်အဖို့ သင်္ကြန်ကာလ၏ ထူးခြားမှုတစ်ခုလည်း ရှိနေပြန်သည်။ ဘိုလိုဆိုလျှင်တော့ 'Happy birthday to you' ဆိုပါတော့။ မောင်တွေးမြင်၏ မွေးနေ့မှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်ဖြစ်ပေသည်။ သင်္ကြန်ကာလအပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့တိုင်း မောင်တွေးမြင်သည် ဘုရားသွားကျောင်းတက်ကုသိုလ်ဆက်ရမြဲဖြစ်သည်။

ယခုလည်း ပြက္ခဒိန်မှာ မောင်တွေးမြင်ကြည့်လိုက်သောအခါ ဧပြီ ၁၇ နှစ်ဆန်းတစ်ရက်နေ့ ရက်ရာဇာဟူ၍ တွေ့လိုက်ရသည်။

ဩော်. . . ရက်ရာဇာနေ့လည်း ဖြစ်နေပါလား. . .။

ရက်ရာဇာနေ့ကို 'ရက်ကောင်းရက်မြတ်တစ်မျိုး'ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပြဿဒါးနေ့ကိုမူ 'လုပ်ငန်းဆောင်တာ မဆောင်ရွက်ကောင်းဟု ယူဆထားသောရက်' ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ့မြင်ရသည်။

၁၃၇၅ ခုနှစ် မြန်မာနှစ်သစ်ကို ရက်ရာဇာနှင့် စမှာပါလားဟူ၍ပင် တွေးမိသည်။

တကယ်တော့ ဗုဒ္ဓဘုရားအလိုအရဆိုလျှင် ကောင်းမှုပြုသောနေ့တိုင်းသည် ရက်ရာဇာများပင်ဖြစ်သည်။

"မင်းတို့ထွက် ရက်ရာဇာ'ဟူသော ဆိုစကားလည်းရှိသည်။ လူပေါ်မူတည်ခြင်းသာ ဖြစ်ပေမည်။

'ကံ-ကံ၏အကျိုး'ဟူသည့်အတိုင်း ကံအကြောင်းတရားအရ အကျိုးဖြစ်လာခြင်းသာဖြစ်ရာ အကြောင်းကြောင့် အကျိုးဖြစ်ခြင်းပေတည်း။

ကောင်းသောကံ၊ ကောင်းသောအလုပ်လုပ်လျှင် ကောင်းကျိုးဖြစ်လာမည်ဖြစ်သည်။

မကောင်းသောကံ၊ မကောင်းသောအလုပ်လုပ်လျှင် မကောင်းကျိုးပေးမည်ဖြစ်လေသည်။

ရက်ရာဇာ၊ ပြဿဒါးကို ထည့်စဉ်းစားဖို့မလိုလှ။

ရက်ရာဇာနေ့ပင်ဖြစ်သော်လည်း မကောင်းသောအလုပ်ကိုလုပ်လျှင် မကောင်းသောအကျိုးဆက်ဖြစ်လာမည်မှာ ဧကန်ပင်ဖြစ်သည်။

ပြဿဒါးနေ့ပင်ဖြစ်သော်လည်း ကောင်းသောအလုပ်ကိုလုပ်လျှင် ကောင်းသောအကျိုးဆက်ဖြစ်လာမည်မှာမလွဲပေ။

ကမ္ဘာအနှံ့တွင် လေယာဉ်ပျံများ ပျံသန်းနေကြသည်မှာ ရက်ရာဇာ၊ ပြဿဒါး ရွေးနေမည်မဟုတ်ပေ။ လေယာဉ်မှူးများကလည်း ရက်ရာဇာ၊ ပြဿဒါးကြည့်မည်မဟုတ်ပေ။ ကိုယ့်အလုပ်ကို ကိုယ်တာဝန်ကျေအောင် လုပ်နေကြခြင်းသာဖြစ်ပေမည်။

သို့သော် ရက်ရာဇာ၊ ပြဿဒါးသာမက ဝါရမိတ္တု စသည့်ရက်အမျိုးအစားများလည်း ရှိနေပေသည်။ မြန်မာ့ရိုးရာ အစဉ်အလာမို့ ပညာရပ်တစ်ခုတော့ဖြစ်ပေလိမ့်မည်။ ဝိဇ္ဇာပညာရပ်ဖြစ်၍ အထောက်အကူတော့ဖြစ်ပေမည်။ သို့သော် ဝိဇ္ဇာနှင့် စရဏတွဲမှ တန်ခိုးထက်ပေသည်။ ဝိဇ္ဇာပညာလိုက်စားလျှင် အကျင့်စရဏဖြူစင်ဖို့ အရေးကြီးမည်ဖြစ်သည်။

မကြာခင် မြန်မာနှစ်သစ်ရောက်လာပေတော့မည်။ နှစ်သစ်တွင်လူသစ်စိတ်သစ်ဖြင့် ဉာဏ်သုံးကာ ဝီရိယဖြင့် အလုပ်လုပ်ကြရပေလိမ့်မည်။ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆမနေဘဲ အမြဲသတိရှိကြဖို့လည်း လိုပေလိမ့်မည်။

ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့လာ အဆိုအမိန့်အတိုင်း "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးလျှင်၊ ကောင်းကျိုးကိုယ်၌တည်မှာ"အမှန်ပင်ဖြစ်သည်။

ရက်ရာဇာ၊ပြဿဒါး ရွေးနေစရာမလိုပေ။ ကောင်းသောအလုပ်ကိုလုပ်လျှင် ရက်အားလုံးသည် ရက်ရာဇာသာဖြစ်ပေမည်။

ပြက္ခဒိန်တွင် ပြဿဒါးဟူသော စာလုံးကိုတွေ့တိုင်း တွန့်မသွားဘဲ ကောင်းသောအလုပ်ဆိုလျှင် မဆုတ်မတွန့် ရဲရဲဝံ့ဝံ့သာလုပ်ပါဟုတိုက်တွန်းရင်း မင်္ဂလာနှစ်သစ်ကို ကြိုဆိုလိုက်ပါသည်။ ။

မောင်တွေးမြင်

ရှင်မတောင်တွင်ကျက်စားသော မျောက်ကောင်ရေများ တိုးပွားလာ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ သရက္ခန်မြတ်စွာဘုရားကိန်းဝပ်စံပျော်သော ရှင်မတောင်တော်ကြီး၌ သဘာဝအတိုင်းကျက်စားသော မျောက်ကောင်ရေများတိုးပွားလာရာ အကောင်ရေ ၅၀၀ ကျော်အထိရှိလာကြောင်း သိရသည်။အညာဒေသ၏သနပ်ခါးအများဆုံးရှင်သန်ရာနှင့် သနပ်ခါးကောင်းထွက်ရာ ရှင်မတောင်ကြီးသည် ပေပေါင်း ၁၇၂၃ မြင့်မာ၍ လမ်းပန်းဆက်သွယ်မှု အားနည်းသောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အလာနည်းကြောင်း ရှင်မတောင်တော် ဆရာတော် ဦးကဝိန္ဒောဘာသက မိန့်ကြားသည်။

ရှင်မတောင်ကြီးသည် ပခုက္ကူ-ရေစကြိုကားလမ်းနှင့် ၁၀ မိုင်ခန့်ကွာဝေးသော်လည်း တောင်အို-ချင်းယားကုန်းလမ်း ကြမ်းတမ်းမှု၊ ချင်းယားကုန်းမှ တောင်ပေါ်လမ်း အထိခက်ခဲမှုကြောင့် ဘုရားဖူးခရီးသည်များ နီးရက်နှင့်ဝေးကွာနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ ရှင်မတောင်ကြီးသည် တောင် ၉၉ လုံးနှင့်ဖွဲ့စည်းထားလျက် တောင်ကြောဧရိယာမှာ မိုင် ၂၀ ခန့်ကျယ်ဝန်းသည်။ ဆေးဖက်ဝင် နာဂမှိုင်း၊ နာဂမ၊ နာဂရာဇာ၊ နာဂဖို၊ နာဂမောက်၊ ပိတ်သင်းကပ်၊ ဓာတ်လေးပါး၊ ခူဆံ၊ သမားမုန်၊ နီပဆေး၊ ကြောင်ကျစ်၊ ဆေးခါးကြီး၊ တောင်လုံးကျော် စသည့် ဆေးဖက်ဝင်အပင်များစွာ ပေါက်ရောက်ပြီး ရှင်မတောင်ကြိုးဝိုင်း ၁၄၉၅ ဧကအတွင်း ရွှေသမင် နှင့်မျောက်များလည်း နေထိုင်ကျက်စားကြကြောင်း သိရသည်။

"ဘုရားဖူးအလာနည်းတော့ ဘုန်းကြီးကပဲ မြေပဲ၊ ပြောင်းဖူးတွေ ဝယ်ကျွေးတန်ကျွေး၊ အလှူခံတန်ခံပြီး ကျွေးရတာပေါ့၊ ဒီမျောက်တွေက အုပ်စုဖွဲ့နေကြတာများတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်ကဆို မျောက်ကောင်ရေ ရာဂဏန်းပဲရှိတယ်"ဟု ရှင်မတောင်ဆရာတော်က မိန့်သည်။ ရှင်မတောင်မှ မျောက်များသည် ငါးနှစ်ဝန်းကျင်၌ အရွယ်ရောက်ကာ စက်တင်ဘာမှ ဒီဇင်ဘာလ၌ မိတ်လိုက်ကြကြောင်း၊ ကိုယ်ဝန်ဆောင်ကာလ ၁၆၄ ရက်ဖြစ်ကြောင်း၊ မတ်လ-ဇွန်လတွင် သားပေါက်ကြောင်း၊ တစ်ကြိမ်လျှင် တစ်ကောင်သာမွေးပြီး တစ်ခါတစ်ရံ နှစ်ကောင်မွေးတတ်ကြောင်း လေ့လာသိရှိရသည်။ ထူးခြားသောသိကြားမင်းဆက်သသော သရက္ခန်ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓပူဇနိယပွဲတော်မှာ တန်ဆောင်မုန်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ပခန်းကြီးမြို့ဟောင်းနှင့် ၁၀ မိုင်သာသာဝန်းကျင်ကွာဝေး၍ အညာဒေသစိမ်းလန်းမြင့်ခေါင် ရှင်မတောင်တော်သို့ သွားရောက်လေ့လာကုသိုလ်ယူနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နေဦးမောင်- ပခုက္ကူ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဈ)၊ မဓာဝီလမ်း၊ မြေကွက်အမှတ်(၅၇၇⅔)၊ (အလျား၂၀'×အနံ၆၀') ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေငှားဂရန်အမည်ပေါက် ဒေါ်ကြွေ[၁၂/ဥကမ(နိုင်)၀၁၁၀၈၈]ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်အေး[၁၂/ဥကမ(နိုင်)၀၂၂၁၀]၊ ဒေါ်သင်းသင်းယု[၁၂/ဥကမ(နိုင်)၀၃၀၂၅၃]နှင့် အမွေဆက်ခံပိုင်ဆိုင်ကြသူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်၊ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ယခုကြေညာသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန်(LL.B,D.B.L)
ဥပဒေအကျိုးဆောင်နှင့်ဥပဒေအကြံပေးရှေ့နေ

ဒေါ်အိရွှေဇင် (LL.B,D.B.L)	**ဒေါ်မေဇင်နွယ်ဦး (LL.B,D.B.L)**
အထက်တန်းရှေ့နေ(စဉ်-၃၈၉၄၃)	**အထက်တန်းရှေ့နေ(စဉ်-၃၈၈၇၆)**

အမှတ်(က/၇၂၂)ခေမာသီလမ်းမ၊ မြို့နယ်တရားရုံးရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၃၈၈၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃F/၂)၊ မြေကွက်အမှတ် Southern ½ of I.2၊ မြေကွက်တည်နေရာ-ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၇၂/၃၈၂) S.Md.Mamsa & M.M.Mamsa အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်ထံမှ အရောင်းစာချုပ် (၆၄/၆၁)ဖြင့် အမှတ်(၃၇၂/၃၇၆)၊ မဟာဗန္ဓုလလမ်းအား ဝယ်ယူသူဒေါ်စောမြထံမှ မေတ္တာဖြင့်အပိုင်ပေးစာချုပ် ၃၅၃/၆၃ဖြင့် ဒေါ်စိန်စိန်မှ ရရှိခဲ့ကြောင်း၊ ယင်းမြေကွက်၏ ကျန်အပိုင်းဖြစ်သော အမှတ်(၃၇၈/၃၈၂)၊ မဟာဗန္ဓုလလမ်းအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၆၅/၆၁ဖြင့် ဝယ်ယူသူဒေါ်ကြည်ထံမှ ပေးကမ်းစာချုပ်(၃၇၉/၆၃)ဖြင့် ဦးစိုးမောင်မှ ရရှိခဲ့ကြောင်း ဒေါ်စိန်စိန်နှင့် ဦးစိုးမောင်(၎င်းတို့၏ GPရရှိသူဦးငွေစိုး)တို့အပေါ် အဆိုပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် အရောင်းအဝယ်စရန်ပေး နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်ပါအတိုင်း တရားလို ဦးစန်းမောင်ထံမှ ရောင်းကြေးကျန်ငွေ ကျပ်သိန်း(၈၂၀)ကို လက်ခံပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်နှင့် အချင်းဖြစ်မြေကွက်နှင့်အဆောက်အအုံတို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ တရားလို ဦးစန်းမောင်အား လက်ရောက်ပေးအပ်ရန် စရိတ်နှင့်တကွ ချမှတ်ခဲ့သော ရန်ကုန်တိုင်းတရားရုံးတရားမကြီးမှုအမှတ်-၈၁၈/၂၀၀၈၏ ၃၀-၃-၂၀၀၉ ရက်စွဲပါ အနိုင်ဒီကရီနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ဇာရီမှုအမှတ် ၁၄/၂၀၁၂၏ ၂၇-၁၂-၂၀၁၂ရက်စွဲပါ တရားရုံးကိုယ်စား အရောင်းစာချုပ် ချုပ်ဆိုပေးရန် ခန့်အပ်ခဲ့သော အမိန့်ရရှိခဲ့သူ တရားရုံး၏ ဒုဦးစီးအရာရှိ ဒေါ်မွန်ရည်အေး[၁၀/မလမ(နိုင်)၁၃၈၉၄၀]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက မြေပိုင်ဆိုင်မှု အထောက်အထား မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ်(၄၉၈)၊ မြေကွက်တည်နေရာ အမှတ်(၄၉၈)၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးသက်နိုင်)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသက်နိုင်[၁၂/မရက(နိုင်)၀၂၆၀၈၃]ကိုယ်တိုင်မှ နှစ်(၆၀) ဂရန် ခြကိုက်ပျက်စီးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ နှစ်(၆၀)ဂရန် ခြကိုက်ပျက်စီးသဖြင့် ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၈၈)၊ ဧရိယာ ပေ(၄၀× ၆၀)၊ မြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ်(၉၈၈)ဟုခေါ်တွင်သောမြေကို လက်ရှိပိုင်ဆိုင်သူ ဦးအောင်စိုးမိုး [၁၂/ကမရ(နိုင်)၀၄၈၅၉၃]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးထွန်းဝေ[၁၂/ဗဟန(နိုင်)၀၃၂၆၇၃]+၂ဦးမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော တရားဝင်အထောက်အထားမူရင်းများနှင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းဝေ[၁၂/ဗဟန(နိုင်)၀၃၂၆၇၃]
အမှတ်(၃၄)၊ မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

လမ်းမတော်မြို့နယ်တရားရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်ခင်ဌေးဝင်း	နှင့်	ဒေါ်ခင်စန်းအေး
ဒီကရီအနိုင်ရသူ		တရားရှုံး

ဒေါ်ခင်စန်းအေး၊ အမှတ်(၈၇)၊ (၁၃)လမ်း၊ အမှတ်(၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ် သိစေရမည်။

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခင်ဌေးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၂၄ရက် (၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ်၊ ဧပြီလ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
လမ်းမတော်မြို့နယ်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလှထွန်း(C/RGN-000341)၊ ဦးရွှေဖြိုး(ခ)ဦးရန်နိုင်ထွန်း [၁၂/ရကန(နိုင်)၀၆၀၄၄၇]၊ ဦးအောင်မျိုးသန့်[၉/မရမ(နိုင်)၀၀၉၃၆၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၂၂/၁၂) တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေများမှ လက်ဝယ်ပိုင်ဆိုင်ပြီး ဦးစိုးကြည်အောင်၊ သမီးဒေါ်သန္တာအောင်၊ မယင်းမာစိုးတို့အား နေထိုင်ခွင့်ပေးထားသော်လည်း လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေများမသိအောင် အဆိုပါတိုက်ခန်းအား အခြားတစ်စုံတစ်ဦးသို့ မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ရောင်းချထားကြောင်း စုံစမ်းသိရှိရပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာများသို့ ကန့်ကွက်စာများ တင်ပြထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေများမှ ယနေ့အချိန်ထိ ပိုင်ဆိုင်သည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေများ သဘောတူညီမှုမရှိဘဲ လူကြီးမင်းတို့ လိမ်လည်ရောင်းချထားခြင်းအား ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ (၁၄)ရက်အတွင်း လာရောက်ရင်ဆိုင်ဖြေရှင်းပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည်အထိ ရင်ဆိုင် ဖြေရှင်းခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေများမှ ဥပဒေကြောင်းအရ လူကြီးမင်းတို့အပေါ် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထိုက်အောင်

ဒေါ်ဧကရီ	**ဒေါ်နှင်းသက်ဝေ**

အထက်တန်းရှေ့နေများ
ဖုန်း-၀၉၅၀၄၄၆၃၇

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တာဝတိံသာလမ်းနေ မောင်မောင်ဝင်း(ခ)ဘာဘူကြီးသိစေရန်

သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည် ကန်ထရိုက်တာဦးစိန်ဝင်းကြည်[၁၂/လမန(နိုင်)၀၉၂၈၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တာဝတိံသာလမ်း၊ အမှတ်(၉/၁၇)၊ အခန်း(၅)နေ မောင်မောင်ဝင်း(ခ)ဘာဘူ(ယခင်အမှတ်-၁၉၇၊ လမ်း၃၀ နေသူ)သည် ကျွန်ုပ်၏အမှုသည် ကန်ထရိုက်တာ ဦးစိန်ဝင်းကြည်ထံမှ ရေယာဉ်သုံးပိုက်များဝယ်ယူရန် ငွေကျပ်သိန်း(၅၀)လိုအပ်နေပါသဖြင့် ကူညီရန်နှင့် တစ်လအတွင်း ပြန်လည်ပေးအပ်ပါမည်ဟု ယုံကြည်အောင်ပြောဆို၍ ၅-၂-၂၀၁၃ရက်က ယုံကြည်အပ်နှံစာချုပ်ပြုလုပ်ချုပ်ဆိုပြီး ငွေကျပ် သိန်း(၅၀)တိတိကို လက်ခံရယူသွားပါသည်။ တစ်လပြည့်သည့် ၅-၃-၂၀၁၃ရက်တွင် အဆိုပါငွေကျပ် သိန်း(၅၀)တိတိကို ကျွန်ုပ်၏အမှုသည်က ပြန်လည်တောင်းဆိုခဲ့ရာ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါသည်။ သို့ပါ၍ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏အမှုသည်ထံဖြစ်စေ၊ ကျွန်ုပ်ထံဖြစ်စေ ဖော်ပြပါငွေကျပ်သိန်း(၅၀)တိတိကို အေးချမ်းစွာပြန်လည်လက်ရောက်ပေးအပ်ပါရန် သတိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ပေးပါရန် ကျွန်ုပ်ထံ လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ထပ်ဆင့်သတိပေးအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးထွန်းထွန်းငြိမ်း LL.B,D.I.L
အထက်တန်းရှေ့နေ
အမှတ်(၁၀/၁၂)၊ ပ-ထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.

တေးကဗျာများကပြောသည့် ရှေးမြန်မာတို့၏ ရိုးရာသင်္ကြန်

ဖိုးရန်နိုင် (ကျောက်ကြီး)

သင်္ကြန်ဟုဆိုလိုက်သည်နှင့် သင်္ကြန်ချစ်သော ရှေ့မြန်မာတို့သည် ပန်းပိတောက်ဝါဝါကို ပြေးမြင်ကြမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ပိတောက်ဆိုသည့်ပန်းကလည်း မြန်မာတို့၏ နှစ်ကူးသင်္ကြန်ခါတွင် ပွင့်စမြဲမို့ မြန်မာတို့က "သင်္ကြန်ပန်း"ဟုပင် သတ်မှတ်ထားပါသည်။ ပိတောက်ပန်းနှင့် မြန်မာ့သင်္ကြန်အကြောင်း သီဖွဲ့ကြသူများရှိသည်တွင် ကဗျာဆရာကြီး "ဆရာဇော်ဂျီ"ရေးသီခဲ့သော "ပိတောက်ပန်း"ကဗျာသည် ထင်ရှားပါသည်။

၁၉၂၈ ခုနှစ် ရန်ကုန်တက္ကသိုလ်ဘီအေတန်းတက်ရောက်စဉ်က ပဲခူးဆောင်တွင်နေသော ဆရာဇော်ဂျီသည် "ဟံသာကြေးမုံ"လက်ရေးစာစောင်၌ **"ပိတောက်ပန်း"** ကဗျာကိုရေးခဲ့ပါသည်။ ထိုစဉ်ကာလ ရေးရိုးရေးစဉ် မယ်ဘွဲ့၊ မောင်ဘွဲ့၊ တေးထပ်၊ လေးချိုးတို့နှင့်မတူ တစ်မူကွဲပြားအောင် ကဗျာရေးသူ၏ ဆန္ဒ၊ စေတနာတို့ကို သူ့အမြင်၊ သူ့အတွေးတို့ဖြင့် တန်ဆာဆင်၍ တစ်မူထူးခြားစွာစပ်ဆိုခဲ့ပါသည်။

"မဒူးချင်စမ်းပါနဲ့၊ နှစ်ဆန်းခါတော်မီမို့၊ ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ၊ ခပ်သိမ်းနယ်စုံစုံသို့၊ ပွင့်ငုံကိုလင့်ကုန်ကြတော့လို့၊ ခေါင်းကြွကာဆာဝေဝေနဲ့၊ သူလည်းလေလောကီသားလိုပဲ၊ ကြွားချင်လှပေလိမ့်မယ်။

တစ်သိန်းတင်ပါဘိ၊ တိမ်မြင့်ရီပြာပြာက၊ ကြည်သာသာပင့်လေအဖြူး တွင်ဖြင့်၊ တီတာတာပွင့်ရွှေဖူးငယ်တို့၊ လည်ယှက်ကာဘယ်ညာလူးလေတော့၊ သူတို့လိုဘယ်သူမြူးနိုင်ပ၊ ထူးပါဘိတယ်။

တဝါဝါဆင်သက်နဲးရယ်က၊ ကမ္ဘာမှာ ရွှင်ရွှင်လန်းအောင်လို့၊ တမင်မှန်းကာပသတိဆွယ်၊ ရည်ရွယ်တော့သလား။

ခူးပါနဲ့ကွယ်၊ ပွင့်ဖူးမှာအဝါခြယ်၍၊ မာလာအလယ်မှာနွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်၊ နှစ်ဆုံးကုန်အတာဝင်လို့၊ မာန်အင်ကိုညာဏ်ဆင်မွေးတာပ၊ အရေးသာကာမှ၊ ခမျာမှာတစ်ဂုဏ်ဆန်းရတယ်၊ ပန်းပိတောက်များ။"

တန်ခူးလသည် မြန်မာတို့၏ သင်္ကြန်နှစ်သစ်ကူးချိန်ကာလဖြစ်ပါသည်။ တန်ခူးလ၌ ရွာသောမိုးကို "သင်္ကြန်မိုး"ဟု လည်းကောင်း၊ "ဖက်ဆွတ်မိုး" ဟုလည်းကောင်း ခေါ်ကြပါသည်။ "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"ဟု စာဖွဲ့မှတ်သားကြပါသည်။ "ဖက်တို့ကိုခြွေပစ်သောမိုး၊ မြေထက်သို့ကြွေသက်၍ ကျနေသောသစ်ရွက်ခြောက်များကို ရေလုံးဖြင့် ရိုက်ခတ်ခြွေဆွတ်၍ ရေထဲသို့မျှောလိုက်သောမိုး"ဟု ဆရာကြီး ဒဂုန်ဦးစန်းငွေက အဓိပ္ပာယ်ဖွင့်ခဲ့ပါသည်။

ထို **"ဖက်ဆွတ်မိုး"**နှင့် ပတ်သက်၍ သီပေါစော်ဘွားကြီး၏ အမတ်ပညာရှိ ဦးသန့်စင်က အောက်ပါတေးထပ်ကဗျာကို လက်တန်းရွတ်ဆိုခဲ့ဖူးသည်ဟု ဒဂုန်ဦးစန်းငွေက ရေးသားခဲ့ပါသည်။

"ဖက်ဆွတ်ခိုင်ဝေဖူးလို့၊ လေရူးကလာပြီ။ ရွှေခူးလရာသီမှာ၊ အခါမှီကရို့။ မောင်ဖျားနှင့် နေနတ်နွယ်ငယ်၊ ရေသပ္ပာယ်သွားကြချေစို့။"

အခါလိုက်ပန်းရွှေဖီကို၊ နန်းဒေဝီဆင်လို့၊ ပန်းစေတီရင်ပြင်ကြို့ရအောင်၊ သဇင်မှို့မွေ့ရာ။ တူနှစ်ကိုယ်ယုံကြည်ကြတာဖြင့်၊ စုံညီပခင်းစို့မာလာ။

ပန်းရွှေပွင့်ဖဲပုဝါ၊ ရဲဗလာရာကျနှင့်၊ ခါသမယသင်္ကြန်မှီ၊ လှမ်းစို့ကြည်ကြည်။ စန်းမိဿနွေရာသီမှာ၊ ရွှေရာသီဆွတ်ဖျန်းလို့လေး။ ။

သင်္ကြန်နှင့်ပတ်သက်၍ တစ်ခေတ်တစ်ခါက မြန်မာတို့၏ ရှေးခေတ်ပုဂံပြည်တွင် တကယ်ဖြစ်ခဲ့သည့် ရင်နင့်ဖွယ်အဖြစ်အပျက်တစ်ခုကို သီဖွဲ့ထားသောကဗျာတစ်ပုဒ်အား ရွေးနုတ်တင်ပြလိုပါသည်။ နောက်ခံဇာတ်လမ်းမှာ ပုဂံပြည့်ရှင်ဘုရင်တစ်ပါးနှင့် သူ၏ချစ်မိဖုရား "စောလုံ"တို့၏ ကျီစားသန်ရာမှ အသက်ဆုံးရှုံးအောင်ပြုရက်သည့် သမိုင်းတွင်သော မှတ်တမ်းဝင်အဖြစ်မှန်တစ်ပုဒ်ဖြစ်ပါသည်။

သီဖွဲ့သောကဗျာရှင်မှာ ရှေးခေတ်စာဆိုတစ်ဦးမဟုတ်ပါ။ ယနေ့မြန်မာကဗျာလောကတွင် အောင်မြင်ထင်ရှားသော ကဗျာဆရာ "မြင်းမူမောင်နိုင်မိုး" ဖြစ်ပါသည်။ ကဗျာ၏အမည်ကိုလည်း **"ရေကြောင့်လောင်သောမီး"**ဟု စိတ်ဝင်စားဖွယ်ဖြစ်အောင်ပေးကာ ၁၉၉၉ ခုနှစ် ဧပြီလထုတ် မြဝတီမဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။

-အချစ်ကိုအကြည့်မှားလေတဲ့၊ မိဖုရားစောလုံ၊
သင်္ကြန်ခါနွေတစ်ရက်မှာတဲ့၊ ရေပက်ခဲ့ပုံ။
ပိတောက်ခက်မထုံ့တထုံ၊ ကိုယ်ဝတ်ရုံမကြော့တကြော့၊
ရွှေရင်စည်းမလုံ့တလုံ၊ ဆံမြိတ်ငုံမလျော့တလျော့။
မင်းဘုရင်၊ အတင်းပင်ကျီစယ်ချင်သမို့
သည်မယ်ခင်တစ်ကိုယ်တည်းကိုဖြင့်၊ စိုရွှဲအောင်အတာရေနဲ့
ဖြာပစေတမင်ညွှန်း၊ မွန်းခဲ့ပြီပေါ့။
-အချစ်ကိုအသိမှားလေတဲ့၊ မိဖုရားရွှေရင်မှာ၊
အမုန်းပင်လျှင်စွာပျိုးလို့၊ မုန်းမိုးစွေရွာ။
အသည်းနာ၊ လွဲရှာတဲ့အမှား၊
အပေးကိုအယူမတတ်လေတော့၊ အတွေးကိုအပူဟပ်ပါလို့
ပွဲတော်စာအဆိပ်ခတ်တယ်၊ သတ်မယ်တဲ့လား။
-အချစ်နဲ့ကျီစယ် ဆန်းပေမယ့်၊
အပြစ်ဖွဲ့ရည်ရွယ်ခန်းတွေကြောင့်၊
အလွမ်းနှင့်ဆုံးပြီထင်။
သင်းအကြံမလျော်ငြားလေသတဲ့၊
မင်းမာန်ကိုမကျော်လွှားနိုင်ဘု၊ မှားမိတဲ့ခင်။
ဖိုကျင်ထိုးသံကျပ်တင်၊ မီးလျှံတွင်အသေသတ်၊
သံယောဇဉ်တစ်မျှင်ကြိုးကို၊ ငြိုးမာန်နဲ့ဖြတ်။
-ပုဂံမြေ၊ လျှံဝေတဲ့အပူငွေ့၊
အချစ်ကိုအမြင်လွဲတော့၊ ရင်ထဲကြွေမြေ့(မြည့်)။
-ဥဩပျို၊ ပင်အိုထက်ငိုညည်း၊
အချစ်မြေရေတစ်ပေါက်ကြောင့်၊ တောက်ခဲ့တဲ့မီး။ ။

မြန်မာတို့၏ သင်္ကြန်ကို စာဆိုတို့က စာ၊ ကဗျာများဖြင့် ခြယ်မှုန်းကုံးသီကြသည့်နည်းတူ မြန်မာဂီတပညာရှင်များကလည်း ခေတ်အလိုက် တေးဂီတများနှင့် သီဖွဲ့တီးမှုတ်ကာ မှတ်တမ်းတင်ခဲ့ကြပါသည်။ ဂန္ထဝင်ဂီတပညာရှင် အလင်္ကာကျော်စွာမြို့မငြိမ်း၏ နှစ်(၁၀၀)ပြည့် (၁၉၀၉-၂၀၀၉)ကာလက သင်္ကြန်တေးအချို့ကို ရွေးနုတ်တင်ပြလိုပါသည်။

ပထမဆုံးတင်ပြလိုသည့် မြို့မငြိမ်းလက်ရာ ဂန္ထဝင်သင်္ကြန်တေးမှာ ယနေ့ထိတိုင် မြန်မာများသီဆိုနေကြဆဲဖြစ်သည့် **"မန်းတောင်ရိပ်ခို"**တေး ဖြစ်ပါသည်။ ယနေ့မြန်မာသင်္ကြန်ကာလများတွင် ဖွင့်ပွဲလည်းသည်တေးနှင့်၊ ပိတ်ပွဲလည်းသည်တေးနှင့်၊ သင်္ကြန်ကာလတစ်လျှောက်လုံးလည်း သည်တေးမဆိုသည့်နေရာမရှိဟု ဆိုရမည်အထိအောင်မြင်ခဲ့သော အောင်မြင်နေဆဲဖြစ်သောတေးဖြစ်ပါသည်။

(ချိုပြုံးရွှင်သောနှမပျိုရယ်. . . တစ်ကိုယ်လုံးပင် ချောအလှပိုတယ်. . . မြို့မနဲ့တစ်မိတည်းဖွားလို့ ဆိုတော့မယ်ကွယ်)၂ (အမောက်ကလေးတသသနဲ့ မြှောက်လို့ပေးတာမဟုတ်ဘူးကွယ်)၂ ယဉ်စစနဲ့ မြင်လိုက်ရရင် အဝတ်အစားမှာလည်း လွန်တင့်တယ်၊ ထွန်းသစ်စလရောင်နှယ်၊ ခိုင်ညှာတံပွင့်လန်းပန်းသို့နှယ်၊ ရိုးရိုးသားသားနဲ့ ကျုပ်တို့မြို့မက ကျေနပ်တယ်. . .။ (သံပြိုင်) **မြနန္ဒာ. . ရေညိုညိုရစ်ကာသန်းတော့. . . ရွှေမန်းတောင်ရိပ်တူတူခိုမယ် ပျိုဖြူတွေရယ်. . . ပျော်ခင်းလေးသာပါဘိတယ်။ နိမိတ်ကောင်းယူမယ် နှစ်ဦးသင်္ကြန်တော်ဝယ်. . .။**

ခါးသေးနွဲ့မူယာကြွယ် လှဂုဏ်ဝင့်ထည်. . . မာလာနှယ် ခိုင်ညှာရယ်. . တစ်ယောက်ဆိုတစ်ယောက်လို့ အောက်မေ့တယ်။ ခင့်မြို့မလာပြီကွယ် ဆီးကြိုလို့ရယ်. . . မောင်နှမအရင်းနှယ် ခင်မင်ချစ်သွေးပြမိတယ်။

(ဇာတိမျက်ခြယ် ကျန်းမာပါစသက်လှယ်။ ဩော်. . . လောင်းပါစေကွယ်. . ဟင်. . . ပက်လိုက်တော့ ကွယ်)၂ နှစ်ကူးတော့မယ်. . . ခင်ခင်ရယ်လိုက်ခဲ့ပါလား အပျင်းတော်ပြေမယ် မောင်တို့လာချေပေါ့ကွယ် ကညာမကြော့ရယ် ငွေငန်းထွက်လာတယ်. . .။

(စကားချပ်) အထက်ပါသင်္ကြန်တေးနှင့် ပတ်သက်၍ "ချိုပြုံးရွှင်သော. . ." ပထမပိုဒ်ကို အေဝမ်းဆရာညှာကလည်းကောင်း၊ "မြနန္ဒာ၊ ရေညိုညိုရစ်ကာသန်းတော့. . ." ဒုတိယပိုဒ်(သံပြိုင်)ကို မြို့မငြိမ်းက လည်းကောင်း၊ တတိယပိုဒ် "ဇာတိမျက်ခြယ်. . ."ကို မြို့မဦးဘသိန်းကလည်းကောင်း အသီးသီး စပ်ဆိုကြသည်ဟု ဆိုပါသည်။

ဒုတိယတင်ပြလိုသည့် မြို့မငြိမ်းလက်ရာ ဂန္ထဝင်သင်္ကြန်တေးမှာ **"တူးပို့၊ တူးပို့"**ဖြစ်ပါသည်။ ထိုတေးကို မြန်မာနားတွင်ယဉ်ပါးပြီးဖြစ်သော ဒိုးသံကို အခြေပြုကာစပ်ဆိုခဲ့သည်ဟု ဆိုပါသည်။

"သင်္ကြန်နှစ်ဦး တူးပို့တူးပို့ တူးသံမြူးသာယာ သင်္ကြန်မယ်များ တူးပို့တူးပို့ တူးမာရဲ့နော်ဗျာ ငွေငန်းသံစုံတူးပို့ တူးပို့ အာရုံဖျော်ဖြေတာ မယ်တို့ကိုလည်း တူးပို့တူးပို့ မာပါစေခင်ဗျာ. . .

ပိတောက်တွေဝင်းလျှံ ရွှေရည်လူး တူးပို့ တူးလဲ့ဝါ ညှင်းလေဖြူးဖြူးဆော်ကာမြူး တူးပို့တူးညင်သာ (သင်္ကြန်ရေအေးတာ၊ အေးတာ)၂ ရွှဲရွှဲလောင်းပါ တူးပို့တူးပို့ တူးသံမြူးသည် ချစ်ကြည် သင်္ကြန်ခါ. . ."

ထိုသီချင်းနှင့်ပတ်သက်၍ မြို့မငြိမ်း၏ အခင်မင်ဆုံးမိတ်ဆွေ "စားတန်းဦးသန့်" က "တူးပို့တူးပို့ " တေးသံလေးတွေ၊ "အိပွဲ့ အိပွဲ့"ရေထဲက လှော်တက်သံလေးတွေကို သူမှီရှာတတ်သည်၊ ကြံတတ်သည်၊ တွေးတတ်သည်၊ ရေးတတ်သည်"ဟု ဆိုဖူးပါသည်။

မြို့မငြိမ်းရေးသားခဲ့သော သင်္ကြန်တေးများစွာတို့တွင် **"ခါတော်ရေသဘင်ဆင်မြန်းတင့်ဆန်းယဉ် . . . တေးသံလွင်လွင် ပျော်ပျော်ရွှင်ရွှင် ငွေငန်းမောင်နဲ့ပင် တီးသံသာယဉ်၊ အတီးကကောင်း အကကကောင်း . . . အဆိုကောင်း ချိုပြုံးရွှင်. . ."** စသည့် တေးသားလှလှ၊ တေးသံမြူးကြွကြွနှင့် "ဖိုးညိုမြ" အမည်ရသော သင်္ကြန်တေး၊ **"ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့လွင်၊ ဟောတစ်ရုံ ဟောတစ်ရုံပန်းမျိုးစုံတဲ့ပြင်၊ ရွှေမန်းမာလာပန်းဥယျာဉ်၊ ရှုမငြီးအောင်ပင်၊ နှစ်ကူးရေနန်းငွေငန်းမောင်လန်းရွှင်. . ."** အစချီသည့် **"ရွှေမန်းမာလာ"**အမည်ရသော သင်္ကြန်တေး၊ **"သင်္ကြန်လေညှင်းလုလင် မြူးရွှင်တော့ပေ. . ပိတောက်တွေထုံတဲ့ ဝတ်မှုန်ဝတ်ဆံကြားတွေ ဝတ်ရည်ဆွတ်ဖျန်းလို့သာ ဖြတ်သန်းကာ ကြိုင်လန်းစွာ ငွေငန်းကို ကြိုလာပါတော့တယ် လေ. . "** အစ ချီသည့် **"သင်္ကြန်လုလင်"** သင်္ကြန်တေးတို့မှာလည်း မြန်မာဆန်သည့် သင်္ကြန်အလှကို ပိုမိုပီပြင်ပေါ်လွင်စေပါသည်။

နောက်ဆုံးတင်ပြလိုသည့် သင်္ကြန်တေးကဗျာမှာ တောင်ငူဘုရင်၊ ရတုဘုရင် နတ်သျှင်နောင်သီဖွဲ့ခဲ့သည့် **'ပေါ်နွေလလျှင်'** ချီ စစ်ချီမယ်ဘွဲ့ ရတု၏ ပထမပိုဒ်ဖြစ်သော. .

"ပေါ်နွေလလျှင် တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့် ပျံ့ပျူးချပ်ဆိုင်း မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ် ပြက်လျှပ်ပြကာ စိမ်းဝါမိုးပန်း တွေတွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သတ်မှတ်၊ ရောက်ခဲ့လတ်ဟု၊ ချစ်ထွတ်တင်သည်၊ ပြာစင်ရွှန်းလတ်၊ ဖြူဝင်းမွတ်လျှင်၊ ကြာညွတ်ဖယောင်း၊ နေရှိန်ပျောင်းသို့ ဆင့်လောင်းလွမ်းဝှန်၊ ရှုလိမ့်ဟန်ကို၊ တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်၊ ငှက်သွင်ပျံကြွမတတ်သော်။" ရတုစာသားများမှာ စစ်ထွက်သူ တောင်ငူဘုရင်နတ်သျှင်နောင်ကို နေပြည်တော်တွင် ကျန်ရစ်သည့် ချစ်သူရာဇဓာတုကလျာက မြန်မာသင်္ကြန်ပွဲတွင် ရေပွဲသဘင်ဆင်နွဲရမည့်အရေး နတ်သျှင်နောင်မောင်ဘုရားမရှိ၍ လွမ်းဆွတ်တသနေဟန် ရေးဖွဲ့ထားသည့် ရတု (ကဗျာ)ဖြစ်ပါသည်။

ထိုရတု (ကဗျာ)စာပိုဒ်ကို တေးပြုစာဆိုမြို့မငြိမ်းက "နတ်သျှင်နောင်" တေးတွင် ထည့်သွင်းရေးဖွဲ့ လိုက်သောအခါ အချိုပေါ်သကာလောင်းသကဲ့သို့ တေးကောင်းတေးမွန်တစ်ပုဒ်တွင် ဂန္ထဝင်စာသားများအသွင် ဖြစ်ခဲ့ပါသည်။ တစ်နည်းဆိုရသော် တောင်ငူဘုရင်နတ်သျှင်နောင်၏ ရတု(ကဗျာ) စာသားများသည် တေးရေးသူဂန္ထဝင်ဂီတတေးပြုသူ အလင်္ကာကျော်စွာ မြို့မငြိမ်း၏ တေး(သီချင်း)စာသားအဖြစ် ပြောင်းလဲကာ ပို၍အောင်မြင်ထင်ရှားခဲ့ပါသည်။

"မြို့မငြိမ်း၏ နှစ်(၁၀၀)ပြည့် အနုပညာဘဝမှတ်တမ်း"စာအုပ်တွင် ဆောင်းပါးရှင် "ဆရာဆူးငှက်" က **"နတ်သျှင်နောင်သီချင်းဆိုလျှင် စွဲနေသည်။ သီချင်းအလယ်တွင် "ပေါ်နွေလလျှင်"ရတု တစ်ပိုဒ်ထည့်ထား၍ အလွန်ခံ့ညား ကျက်သရေရှိသွားသည်။ အဆိုတော် "ပြည်လှဖေ"ကလည်း အဆိုကောင်း ရတုကိုဆိုသည်မှာ ကျွန်တော်ရှေးက ကြားဖူးသောရတုဆိုသံနှင့် မတူဘဲ ဂီတပို၍ဆန်နေသဖြင့် ကြိုက်သွားသည်"** ဟု ရေးသားခဲ့သည်ကို ဖတ်လိုက်ရသောအခါ "ပေါ်နွေလလျှင်" ရတု စာသားများသည် မြို့မငြိမ်း၏ "နတ်သျှင်နောင်" တေးစာသားများအဖြစ်သို့ အပီအပြင် ပြောင်းလဲသွားသည်ဟု ဆိုချင်ပါသည်။

သာသနာသက္ကရာဇ် ၂၅၅၆ ခုနှစ်မှ ၂၅၅၇ ခုနှစ်သို့ လည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ လည်းကောင်း ကူးပြောင်းရောက်ရှိတော့မည့် မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလတွင် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာ မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာအဖြစ် ပျော်ရွှင်စွာဆင်နွှဲနိုင်ကြပါစေကြောင်း ကောင်းမြတ်သောစေတနာဖြင့် ဆုခြွေတောင်းအပ်ပါသည်။ ။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၀၅)ဟု ခေါ်တွင်သည့်အဆောက်အအုံ အနက်မှ မြေညီထပ်(ညာဘက်)တိုက်ခန်းကို ဒေါ်ခမ်းရီ(NKM-၁၀၀၀၆၆)ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက တိုက်ခန်း၏ တန်ဖိုးငွေအနက်မှ စရန်ငွေကိုပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဖြူသင်းကြိုင်(စဉ်-၃၁၇၈၆)
အထက်တန်းရှေ့နေ

ဦးထင်အောင်(စဉ်-၃၀၇၈)
ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)
ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)
တရားလွှတ်တော်ရှေ့နေများ

အိမ် - အမှတ်-၃၀၇(က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅-၄၀၆၄၀၆၊ ၀၉-၄၂၀၀၂၁၂၂၈

ရုံး - အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၁-၃၇၇၂၇၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၂၂/၂-ဘီ)၊ မြေကွက်တည်နေရာအမှတ်(၇)၊ မြသီတာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (ဦးလှမောင်၊ ဦးသိန်းမောင်၊ ဒေါ်စိန်စိန်)အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်(၃)ဦးအနက် ဦးလှမောင်(လူပျိုကြီး)ဦးသိန်းမောင်(ဖခင်)နှင့်ဒေါ်မြသိန်း(မိခင်)ဖြစ်သူတို့ ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့်[၁၂/ကမရ(နိုင်)၀၀၈၃၇၄]၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၇၇၀/၁၆-၁၀-၂၀၁၂ဖြင့် ရရှိသူ ဦးမျိုးကိုကို[၁၂/ဒဂန(နိုင်)၀၃၅၂၀၄]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိန်စိန်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၁/၃-၁-၂၀၁၃ဖြင့် ရရှိသူဦးကျော်ဝင်း(အမ်တီအင်န်တီ-၀၃၃၄၁၉)တို့က တစ်ဦးတည်းသော သမီး၊ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၄၉၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၉၂/ခ)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်နှင်းဖြူ ဦးချစ်ဖွယ်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်ဖွယ် ကွယ်လွန်သဖြင့် ဒေါ်ခင်နှင်းဖြူ(L/RGN-၀၁၄၆၁၀)က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၉၀/ ၂၁-၂-၂၀၁၃ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်နှင်းလဲ့လဲ့ဝင်း[၁၂/ဥကတ(နိုင်)၁၅၄၄၅၈]မှ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူမစန်းသီတာမြင့်(MTNT-၀၁၁၅၆၁)သည် မိခင်ဖြစ်သူနှင့် မိသားစုဆွေမျိုးမိတ်ဆွေများက အမျိုးမျိုးဖျောင်းဖျ၊ ပြောဆို၊ တားမြစ်၊ တောင်းပန်နေသည့်ကြားမှ မိသားစု၏ဂုဏ်သိက္ခာကိုလည်းမထောက်ထား၊ မိသားစု၏ စိတ်ဓာတ်ရေးရာထိခိုက်နစ်နာမှုများကိုလည်းလျစ်လျူရှုကာ ၎င်း၏သဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့်အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်းနှင့် မိသားစုနှင့်လည်း လုံးဝမသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်စန်းမြင့်[၁၂/တမန(နိုင်)၀၉၀၈၂၃]
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်မာ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၁၀၀၁၅)

တရားမဝင်ရွှေတိုက်ငါးဖမ်းဆီးမှုများကြောင့် ငါးအမိနည်းလာ

ရေတာရှည် ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင် တရားမဝင် ရွှေတိုက် ငါးဖမ်းဆီးမှုများကြောင့် ငါးအမိနည်းလာကြောင်း သိရသည်။

တရားမဝင် ရွှေတိုက်ငါးဖမ်းဆီးမှုများမှာ အဓိကအားဖြင့် ညလုံးပေါက် အုပ်စုလိုက် သွားလာရှာဖွေကြပြီး အင်းအိုင်များ၊ လယ်ကွက်များ၊ ချောင်းငယ်၊ မြောင်းငယ်များတွင် အဓိက ရွှေတိုက်ဖမ်းယူကြသဖြင့် ဒေသတွင်းနေသူများမှာ မိသားစု စားသုံးရန်ပင် ရှာဖွေ၍မရတော့ဟု သိရသည်။ တရားမဝင် ရွှေတိုက် ငါးဖမ်းဆီးခြင်းကို တစ်ခါတစ်ရံ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်း၍ အရေးယူဆောင်ရွက်မှုများ ရှိသော်လည်း တာဝန်ရှိသူများ ပြန်သွားပါက လုပ်မြဲအတိုင်းသာ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ဒေသခံများက ပြောပြသည်။

ကျေးလက်ဒေသများတွင် သားငါးအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးမှု အားနည်းခြင်း၊ မိသားစုစားဝတ်နေရေးအတွက် မဖြစ်မနေ လုပ်ကိုင်ကြရခြင်းများကြောင့် ရေရှည်တွင် သားငါးအရင်းအမြစ်နှင့် ဂေဟစနစ်များ ပိုမိုဆိုးရွားလာနိုင်ကြောင်း သုံးသပ်မှုများလည်း ရှိသည်။ **(၅၇၈)**

၁၂ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက် ဆိုင်ကယ်သမား ပွဲချင်းပြီးသေဆုံး

ကော့ကရိတ် ဧပြီ ၁၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ဧပြီ ၁၁ ရက် ညနေ ၅ နာရီကျော်ခန့်က တံတားကျိုးနှင့် (၉) တိုင်းအနီး စိုက်ပျိုးရေးရုံးရှေ့ တံတားထိပ်တွင် မြဝတီမှ ကော့ကရိတ်-ကျုံဒိုးဘက်သို့ မောင်းနှင်လာသော ၇ခ/. . . ၁၂ဘီး အဖြူရောင်ယာဉ်နှင့် ကျုံဒိုး-ကော့ကရိတ်သို့သွားသော ၂၅ယ/. . . (HONDA) ၂၀၀၁ ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်မောင်းသူမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ သေဆုံးသွားသူအား ကျုံဒိုးမြို့မှ လူမှုကူညီရေးကားဖြင့် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ခဲ့သည်။ အခင်းဖြစ်ပွားရာနေရာသို့ ကော့ကရိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းညွန့်နှင့်အဖွဲ့က လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း (ကျုံဒိုး)

ဟိုပုံးမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်တိမ်းမှောက်၊ ခြောက်ဦးသေဆုံး

ဟိုပုံး ဧပြီ ၁၄

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စုအတွင်းရှိ ပုံးအယ်ကျေးရွာနှင့် ပင်ဟဲကျေးရွာအကြား မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း ပြည်ထောင်စုလမ်းမကြီးပေါ် ထမ့်စမ်းဂူနှင့် မိုင်းပွန်အပိုင်း လမ်းအဆင်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲလမ်းဘေးသို့ ဆယ်ဘီးဖောကားတစ်စီးထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် ယာဉ်ပေါ်စီးနင်းလိုက်ပါလာသူ ခြောက်ဦး သေဆုံးကြောင်း သိရသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ ဧပြီ ၁၁ ရက် ညနေ ၃ နာရီခွဲခန့်တွင် လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၌ လုပ်ငန်းလာရောက်လုပ်ကိုင်သော ဟဲဟိုးနှင့် သာစည်မြို့နယ်တို့မှ လမ်းလုပ်သား ၃၈ ဦးသည် ၎င်းတို့၏ လုပ်ငန်းခွင်ဖြစ်သော မိုင်းကိုင်မြို့နယ် ပန်ကေတုကျေးရွာ လမ်းလုပ်ငန်းမှ နေရပ်သို့ ပြန်ရာတွင် ယာဉ်မောင်း ဦးစိုင်းစိန်အောင်ထွေး မောင်းနှင်သည့် ယာဉ်အမှတ် ၉က/---- ဆယ်ဘီးဖော (ဌာနပိုင်) ကားသည် လမ်းခုလတ်အရောက် ထမ့်စမ်းဂူနှင့် မိုင်းပွန်အပိုင်း ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ပုံးအယ်ကျေးရွာနှင့် ပင်ဟဲကျေးရွာအကြား မိုင်တိုင်အမှတ် (၁၄၈/၆) ၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ပြီး ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် အမျိုးသား ငါးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၁ ဦးနှင့် အပြင်လူနာအဖြစ် အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး ဆေးကုသမှု ခံယူနေပြီး တောင်ကြီးပြည်သူ့ဆေးရုံသို့ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ယဉ်မောင်းသူ လွိုင်လင်မြို့ ရပ်ကွက် (၂) အမှတ်၆(က)နေ ဦးစိုင်းစိန်အောင်ထွေး (၃၁)နှစ်အား ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

(စိုးတင်ဦး-ရှမ်းတောင်)

သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ အေးမြသာယာရပ်ကွက်၌ ဖမ်းမိ

အုတ်ဖို ဧပြီ ၁၄

သာယာဝတီခရိုင် သစ်တောဦးစီးဌာန အေးမြသာယာရဲစခန်းနှင့် အထူးစုံစမ်း စစ်ဆေးရေးဌာနမှ အဖွဲ့ဝင်များသည် ဧပြီ ၆ ရက်တွင် အေးမြသာယာရပ်ကွက်၌ ကျွန်းသစ်ခုနစ်လုံး၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းတို့ကို သိမ်းဆည်းရမိသည်။ ပိုင်ရှင်ဖြစ်သူမှာ ဥက္ကံမြို့နေ ဦးအောင်နိုင် (ခ) ရှောင်ဖိန်းဖြစ်ကြောင်း သိရသည်။ အမှုကို ရဲတပ်ဖွဲ့မှစစ်ဆေးလျက်ရှိပြီး ဦးအောင်နိုင် (ခ) ရှောင်ဖိန်းအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးနိုင် (အုတ်ဖို)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)နှင့် အဆင့်တူရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်ခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြော်ငြာခေါ်ယူထားသော ဒုတိယဦးစီးမှူးနှင့် အဆင့်တူရာထူး နေရာများအတွက် အလုပ်လျှောက်ထားသူများအနက် အရည်အချင်းစစ် စာမေးပွဲဖြေဆိုရန် ရွေးချယ်ခံရသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မောင်စိုးမိုးအောင် [၇/တငန(နိုင်)၁၄၆၄၇၄] တောင်ငူမြို့နယ်
(၂) မအိဖြူ[၉/ပမန(နိုင်)၁၇၄၃၀၄] ဒက္ခိဏသီရိမြို့နယ်
(၃) မဖြိုးဖြိုးခိုင်[၉/လဝန(နိုင်)၁၆၄၈၇၆] ဒက္ခိဏသီရိမြို့နယ်
(၄) မခင်စန်းဒွေး[၉/လဝန(နိုင်)၁၅၆၀၈၅] လယ်ဝေးမြို့နယ်
(၅) မဝေဝေလှိုင်[၉/ကဆန(နိုင်)၁၂၅၅၆၈] ကျောက်ဆည်မြို့နယ်
(၆) မသန်းသန်းဖိုး[၈/မဘန(နိုင်)၀၉၂၀၇၂] မင်းဘူးမြို့နယ်
